DHAMMAVIJJĀLAYA
2545 2003
CENTRE FOR BUDDHIST STUDIES

ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်

အမှတ်စဉ်(၁၄၀)

# ပတ်ဝန်းကျင်ကို ရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း

အဂ္ဂမဟာပဏ္ဍိတ
အရှင်နန္ဒမာလာဘိဝံသ (Ph.D)

ဓမ္မဒါနကုသိုလ်ရှင်

နတ်လူသာဓုခေါ်စေသော်

အောင်ဇမ္ဗူ ပုံနှိပ်လုပ်ငန်း
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃

ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ

# ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း

တရားစာအုပ်များကို

ဓမ္မစာပေ အလှူငွေဖြင့်

ပုံနှိပ်ဖြန့်ဝေသည်

# ပတ်ဝန်းကျင်ကို ရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း

သာသနာတော်နှစ် ၂၅၆၀- ပြည့်နှစ်၊ ကောဇာ သက္ကရာဇ် ၁၃၇၈-ခုနှစ်၊ တော်သလင်းလဆန်း (၈) ရက်၊ ၂၀၁၆-ခုနှစ်၊ စက်တင်ဘာလ (၉)ရက်၊ မန္တလေး တိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ အောင်ချမ်းသာရွာ၊ ဓမ္မသဟာယ သာသနစင်တာ၊ ဓမ္မရတိမဟာဓမ္မာသဘာ ဓမ္မာရုံကျောင်းတော်ကြီး အတွင်း ဆင်ယင်ကျင်းပ ပြုလုပ်အပ်သည့် **အရှင်ဇဝန (တစ်မိုက်သာ)၏** (၂၈)နှစ်ပြည့် မွေးနေ့မင်္ဂလာ ဓမ္မပူဇာ အထူးဓမ္မသဘင် အခမ်းအနား၌ ဟောကြားအပ်သော **"ပတ်ဝန်းကျင်ကို ရှုမြင်၍ မိမိဘဝကိုပြုပြင်ခြင်း"** အကြောင်းတရား ဒေသနာတော်။

"ပတ်ဝန်းကျင်ကို ရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း" တဲ့။ စဉ်းစားဆင်ခြင်တတ်တဲ့ ပုဂ္ဂိုလ်တွေ, သတိထားတတ်တဲ့ ပုဂ္ဂိုလ်တွေဟာ မိမိရဲ့ပတ်ဝန်းကျင်မှာ ရှုမြင်စရာတွေကို ကြည့်ရှုပြီးတဲ့အခါမှာ ကိုယ့်ဘဝ ကိုယ် ဘယ်လို ပြုပြင်ကြရတယ် ဆိုတာကို သိရှိနားလည်ကြတယ်။

မြတ်စွာဘုရား ကိုယ်တိုင်ကလည်း ပတ်ဝန်းကျင်ကို ရှုမြင်တတ်ဖို့ ဆုံးမထားတာ ရှိတယ်။ **အနမတဂ္ဂ သံယုတ်မှာ** "လောကမှာ အလွန့်အလွန် အရုပ်ဆိုး အကျည်းတန်ပြီး ရွံစရာကောင်းလှတဲ့ သတ္တဝါတစ်ဦးဦးကို မင်း မြင်တယ်ဆိုရင် အစမထင် သံသရာမှာ ငါလည်း ဒီဘဝမျိုး ရောက်ခဲ့ရပြီလို့ စဉ်းစားလိုက်ပါ" လို့ ဒီလို ပြောတာနော်။ ဒီလို ဒုက္ခမျိုး ငါလည်း ခံစားခဲ့ရတယ် ပေါ့။ "အေး လောကမှာ အခြေအနေ ဘယ်လောက်ဆိုးတဲ့

ပုဂ္ဂိုလ်တွေ့တွေ့ ငါတို့လည်း ဒီလို အဖြစ်ဆိုးမျိုး ကြုံခဲ့ရပြီ”လို့ စိတ်ထဲမှာ နှလုံးသွင်းလိုက်ပါတဲ့။ ဒါဟာ ပတ်ဝန်းကျင်ကို ရှုတတ်မြင်တတ်ဖို့ သင်ကြားခြင်းပဲ ဖြစ်တယ်ပေါ့။

ဘုရားအလောင်း ဖြစ်လာတော့လည်း ကြည့်လေ၊ ပတ်ဝန်းကျင်ကို ရှုတတ်မြင်တတ်တယ်။ ဘုရား အလောင်းဘဝမှာ သူကိုယ်တိုင် ရှုမြင်တတ်ပုံကို ကြည့်၊ သူအို, သူနာ, သူသေ, ရဟန်းလို့ ဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်တာ။ ဗုဒ္ဓဝင်ထဲမှာ ကြည့်မယ်ဆိုရင် သူအိုကိုမြင်တဲ့အခါမှာ သာမန် အဖိုးကြီး တစ်ယောက်၊ အဖွားကြီးတစ်ယောက်ကို မြင်တယ်လို့ စိတ်ထဲမှာ မရှိဘဲနဲ့ “ငါလည်းပဲ တစ်နေ့မှာ အိုရဦးမှာပဲ” ဆိုတဲ့အတွေးဟာ သူ့ခေါင်းထဲမှာ ရှိသွားတယ်။ အဲဒီ အတွေးဟာ အလွန် တန်ဖိုးရှိတဲ့ အတွေးတစ်ခုပဲ။ လူတိုင်းဟာ ဒီအတွေး

မျိုး တွေးမိကြတာ မဟုတ်ဘူးနော်။ သာမန်မြင်တဲ့ သဘောလောက်ပဲ တွေးမိကြမှာ။

လူနာတွေ့လို့ရှိရင်လည်း "ငါလည်း တစ်နေ့ နာရဦးမှာပဲ၊ နာခြင်းသဘောကို မလွန်မြောက်နိုင်သေးဘူး" လို့ စဉ်းစားလိုက်ပါ။ ဘုရားအလောင်းက အဲဒီလို စဉ်းစားတယ်နော်။ လူသေနဲ့တွေ့တဲ့ အခါကျတော့လည်း "သြော် ငါလည်း တစ်နေ့ကျရင် သေရဦးမှာပဲ၊ သေခြင်းတရားကို ငါလည်း မလွန်မြောက်သေးဘူး"လို့ ဒီလို စဉ်းစားတယ်ပေါ့။ ရဟန်းနဲ့တွေ့တဲ့အခါ "သြော် ဒီလိုဘဝမျိုးဟာ ငြိမ်းချမ်းပြီး မြင့်မြတ်တဲ့ အကျင့်ရှိတယ်" ဆိုတဲ့ အတွေးနဲ့ သူကိုယ်တိုင် ဒီဘဝကို ခံယူဖို့ စိတ်ဝင်စားမှု ဖြစ်လာခဲ့တယ်။ ဒါ ပတ်ဝန်းကျင်ကို ရှုမြင်တတ်ပုံကို ပြောတာနော်။

နောက်တစ်ခါ မြတ်စွာဘုရား ဒေဝဒူတသုတ်

မှာ ဟောထားခဲ့တာလည်း ဒီပုံစံပဲ၊ အားလုံးကို ရှုမြင်တတ်ဖို့။ လူတစ်ယောက်ဟာ ကံမကောင်း အကြောင်းမလှလို့ အကုသိုလ်တွေကြောင့် ငရဲဘက်ကို ရောက်သွားတယ်။ သို့သော် ငရဲတံခါးဝလေးဘက်လေးတန်မှာ ယမမင်းကြီး ၄-ဦးက စောင့်နေတာ။ သူတို့ စောင့်တာက သတ္တဝါတွေအပေါ်မှာ ကြင်နာသနားလို့ Volunteer လာလုပ်တာ။ ယမမင်းဆိုတာ အဆိုးမဟုတ်ဘူး။ ငရဲမကျထိုက်တဲ့ပုဂ္ဂိုလ်တွေ မကျရအောင် ကူညီဖို့လာတာ။ အဲဒီတော့ ယမမင်းက ဘာတွေ ကူညီနိုင်တုန်းဆိုရင် ပြုဖူးတဲ့ ကုသိုလ်ကောင်းမှုတွေ ပြန်သတိရအောင် ဖော်ထုတ်ပေးမယ်။ ဖော်ထုတ်ပေးလို့ ဝမ်းမြောက်ဝမ်းသာဖြစ်ရင် သူဟာ ငရဲက လွတ်သွားနိုင်တယ်။ ဒီလို အနေအထားမျိုးနဲ့ ယမမင်းက လာစောင့်နေတာနော်။

လူတွေ ထင်နေတာက “ယမမင်းကို ငရဲကို ဆွဲချတဲ့သူ”လို့ ထင်နေတာ၊ မဟုတ်ဘူး။ ကြီးမားတဲ့ ငရဲဘုံကြီးရဲ့ တံခါးဝမှာ ရုံးထိုင်တဲ့အနေနဲ့ ငရဲကျမယ့် ပုဂ္ဂိုလ်တွေကို စောင့်ကြိုနေတာသာ ဖြစ်တယ်။ သူဟာ ဝေမာနိက ပြိတ္တာမျိုး ဖြစ်တယ်ပေါ့။ ဝေမာနိက ပြိတ္တာဆိုတာ ဘုံဗိမာန်နဲ့ နေထိုင်ရပြီး ချမ်းသာတဲ့အခါ ချမ်းသာ၊ ဆင်းရဲတဲ့အခါ ဆင်းရဲတယ်။ လူတွေလိုပဲ သူလည်းပဲ ဘဝရဲ့ အတွေ့အကြုံတွေကို ခံစားရတယ်။

အဲဒီမှာ အပြစ်မကြီးလွန်းတဲ့ ပုဂ္ဂိုလ်တွေဟာ ငရဲထဲကို တန်းကျမသွားဘဲ ငရဲပတ်ဝန်းကျင်ကို ရောက်လာတတ်တယ်။ အပြစ်ကြီးတဲ့ ပုဂ္ဂိုလ်ကတော့ ချက်ချင်း ငရဲထဲရောက်သွားတယ်၊ သူကျတော့ ယမမင်းရဲ့ အကူအညီ မရနိုင်ဘူး။

# ပတ်ဝန်းကျင်ကို ရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း

၇

အပြစ်သိပ်မကြီးတဲ့သူတွေ ငရဲပတ်ဝန်းကျင် ရောက်လာပြီး ငရဲသားတွေက နှိပ်စက်မယ်ဆိုတဲ့ အခါ အနှိပ်စက်မခံရအောင် ယမမင်းက အကူအညီ ပေးတာ။ ငရဲဘုံနားသွားပြီး ယောင်လည်လည် လုပ်ရင်တော့ ဆွဲထည့်ခံရမှာပေါ့နော်။ လူ့ပြည် မှာတောင် ယောင်လည်လည် မလုပ်ရတဲ့နေရာတွေ ရှိတယ်လေ။ ယောင်လည်လည် သွားလုပ်ရင်တော့ ဖမ်းခံရမှာပေါ့။ ငရဲမှာလည်း အဲဒီလိုပဲ ငရဲရောက်ဖို့ ငရဲဘုံနားလေးမှာ ယောင်လည်လည် ဖြစ်နေတဲ့ သူတွေကို ယမမင်းကြီးက ခေါ်ပြီးမေးတယ်။ "မင်း လူ့ပြည်မှာတုန်းက ဒေဝဒူတ ဆိုတဲ့ နတ်တမန် (၃)ဦး ပေါ်ပေါက်နေတာကို တွေ့ခဲ့ရဲ့လား"ဆိုတော့ နားမလည်လို့ မတွေ့ခဲ့မိဘူးလို့ ဖြေတယ်။

ယမမင်းကြီးက "အေး. . . မင်း ငါမေးတာ သဘောမပေါက်ဘူးတဲ့။ နတ်တမန်ဆိုတာ တခြား

မဟုတ်ဘူး၊ နတ်တွေက ပြောတဲ့စကားဟာ သေချာပေါက် ဖြစ်တာလိုပဲ။ မင်းလူ့ပြည်မှာ အိုမင်းနေတဲ့ အဖိုးအဖွားတွေကို မတွေ့ခဲ့ဘူးလား။" "တွေ့ခဲ့ပါတယ်။" "အေး အဲဒီတုန်းက ငါလည်းပဲ အိုရဦးမှာပဲ၊ အိုခြင်းတရားက မလွန်မြောက်နိုင်သေးဘူးလို့ မင်း မစဉ်းစားခဲ့မိဘူးလား" ဆိုတော့ "မေ့နေတယ်၊ မစဉ်းစားခဲ့မိဘူး"ဆိုတော့ ယမမင်းကြီးက "ဟင်း"ချပြီး ဘာလုပ်တုန်းဆိုရင် "အေးလေ၊ မင်းမေ့တော့ မင်းမဟုတ်တာတွေ လုပ်မိတာပေါ့၊ မင်းထိုက်နဲ့ မင်းကံပဲ။ ဒီကို မင်းအမေက လွှတ်တာလည်း မဟုတ်ဘူး၊ မင်းအဖေက လွှတ်တာလည်း မဟုတ်ဘူး၊ ဆွေတွေမျိုးတွေက လွှတ်တာလည်း မဟုတ်ဘူး၊ ဘယ်သူကမှ လုပ်တာ မဟုတ်ဘူး၊ မင်းလုပ်တဲ့ကံမို့ မင်းပဲခံရမှာ။"

ငါတစ်ခု မေးမယ်၊ "လူနာကိုရော မတွေ့ခဲ့ဘူးလား" "တွေ့ခဲ့ပါတယ်။" "အဲဒီတုန်းကရော

အသိဉာဏ်ရှိတဲ့ အရွယ်ရောက်လာတဲ့ အချိန်မှာ မင်းမစဉ်းစားဘူးလား။ ငါလည်း နာရဦးမှာပဲ နာခြင်းတရားကို ငါလည်း မလွှန်မြောက်နိုင် သေးဘူးဆိုတဲ့ အတွေးလေး မင်းမတွေးခဲ့မိဘူးလား" "မေ့နေတယ်၊ မတွေးခဲ့မိဘူး"တဲ့။ "ငါလည်း ကုသိုလ်ကောင်းမှု လုပ်ဦးမှဆိုတဲ့စိတ် မဖြစ်ခဲ့ဘူးလား" ဆိုတော့ မဖြစ်ခဲ့ဘူး။ အဲဒီမှာလည်း ယမမင်းကြီးက စုတ်သပ်တယ်။ အေး "မင်းထိုက်နဲ့ မင်းကံပဲ" တဲ့။

ကဲနောက်တစ်ခု ငါမေးမယ်တဲ့ "လူသေတော့ မင်းတွေ့ဖူးတယ် မှတ်တယ်" ဆိုတော့ တွေ့ဖူးတယ်။ "အဲဒီလူသေတွေကို တွေ့တုန်းက ဩော် ငါလည်း တစ်နေ့ သေရဦးမှာပဲ၊ သေခြင်းတရားကို ငါ မလွှန်မြောက်နိုင်သေးဘူး၊ ငါ ကောင်းတာတွေ လုပ်မှဖြစ်မယ်ဆိုတဲ့ အတွေးမျိုး မတွေးခဲ့ဘူးလား" "မတွေးခဲ့မိဘူး၊ မေ့နေတယ်။ ပျော်သလိုနေခဲ့တယ်"တဲ့။ "အေး အဲသလိုဆိုလည်း

မင်းထိုက်နဲ့ မင်းကံပဲ ငါလည်းဘာမှ မတတ်နိုင်ဘူးဆိုပြီး ယမမင်းကြီးက ငြိမ်နေလိုက်တယ်။ အဲဒီအခါမှာ ငရဲစောင့်တွေက ဆွဲပြီး ငရဲကို ပို့ပစ်လိုက်တယ်ပေါ့။ ဒါပါပဲနော်။

အကယ်၍များ ဒီလူက ယမမင်းကိုလည်း အမျှဝေခဲ့တယ်၊ ကုသိုလ်ကောင်းမှုတွေ လုပ်ခဲ့တာမေ့နေတာ ဆိုရင် ယမမင်းကြီးက "နေပါဦး၊ မင်းကို ငါပြောမယ်၊ မင်းဘယ်တုန်းက ဘာလုပ်ခဲ့တာလေ၊ ကျောင်းဆောက်ခဲ့တယ်၊ သို့မဟုတ် ဆွမ်းလောင်းခဲ့တယ်၊ လှူခဲ့တယ် မင်းဒါတွေကို ပြန်တွေးလိုက်စမ်း" ဆိုတော့ "ဟုတ်သားပဲ" ဆိုပြီး အတိတ်ကို ပြန်သတိရတဲ့အခါမှာ သူလွတ်သွားတယ်။ ကုသိုလ်ကောင်းမှုကို သတိဖော်ပေးတဲ့အခါ အဲဒီ ကုသိုလ်စိတ်နဲ့ပဲ ပြန်လွတ်သွားတယ်။ အဲဒီလို ငရဲပြည်ကို ယောင်လည်လည် ရောက်လာတဲ့ သတ္တဝါတွေကို ကူညီ

စောင့်ရှောက်ဖို့ ယမမင်းကြီးက ငရဲဘုံတံခါးဝမှာ ထိုင်စောင့်ခဲ့တာ ဖြစ်တယ်ပေါ့။ အဲဒီမှာလည်းပဲ ပြောချင်တာက ပတ်ဝန်းကျင်ကို ရှုတတ်မြင်တတ်ဖို့ လိုတယ်လို့ ဆိုလိုတယ်ပေါ့။

လူတိုင်းလူတိုင်းဟာ ပတ်ဝန်းကျင်နဲ့ နေ့စဉ်မြင်တွေ့ထိတွေ့ နေကြတာဖြစ်တော့ ကိုယ့်ရဲ့ပတ်ဝန်းကျင်မှာ ဖြစ်ပျက်နေတဲ့ အရာတွေကို ရှုမြင်သုံးသပ်ကြည့်တတ်ဖို့ လိုအပ်တယ်။ အဲဒီလို မကြည့်ဘဲနဲ့ အိုတဲ့လူကို တွေ့ရင်လည်း "သူ့ဟာသူ အိုတာ ငါနဲ့မဆိုင်ဘူး၊ နာတဲ့လူတွေ့လည်း သူ့ဟာသူ နာတာ ငါနဲ့မဆိုင်ဘူး၊ သေတဲ့လူတွေ့လည်း ငါကမသေဘူး သူ့ဟာသူသေတာပဲ" ဆိုပြီး မစဉ်းစားဘဲ မနေသင့်ဘူးပေါ့။ ငါလည်း ဒီလိုအဖြစ်ဆိုးမျိုးတွေနဲ့ ကြုံနိုင်တယ်၊ ကြုံရဦးမှာပဲ၊ မေ့နေလို့မဖြစ်ဘူး၊ ကုသိုလ်ကောင်းမှုတွေ လုပ်ဦးမှပဲ" ဆိုတဲ့အတွေး

လေး တွေးတတ်ဖို့။ ဒါကိုပြောတာနော် ပတ်ဝန်းကျင်ကို ရှုမြင်တယ်ဆိုတာ၊ သတိထားပြီး အသိဉာဏ်နဲ့ ဆင်ခြင်ရမယ်။ “ပတ်ဝန်းကျင်ကို ရှုမြင်ခြင်း၊ ဆင်ခြင်ခြင်း ဒီနှစ်ခု ပြီးတဲ့အခါမှာ ကိုယ့်ဘဝကို ကိုယ်ပြင်ပါ” လို့ ဆိုလိုတယ်ပေါ့နော်။

ကိုယ့်ဘဝ ကိုယ်ရှုမြင် ဆင်ခြင်ပြီး ပြုပြင်သွားတဲ့ ပုဂ္ဂိုလ်တွေဟာ သူတော်ကောင်းတွေ ဖြစ်ပြီး သံသရာဝဋ်က လွတ်သွားကြတာပဲ။ အမှတ်တမဲ့နေတဲ့ ပုဂ္ဂိုလ်တွေကတော့ သံသရာရေယာဉ်ကြောမှာ မျောသွားကြတယ်ပေါ့။ ဒီ အကြောင်းလေးကို ၅၅၀-ဇာတ်ထဲမှာ ၄၀၈-ခုမြောက်ဖြစ်တဲ့ **ကုမ္ဘကာရဇာတ်**မှာပါတဲ့ အကြောင်းအရာလေးတွေကို မှတ်သားနာယူပြီးတော့ ပတ်ဝန်းကျင်ကို ရှုမြင်တတ်ဖို့ လေ့ကျင့်ထားရမယ်။

**အနမတဂ္ဂသံယုတ်မှာ မြတ်စွာဘုရား ဟော**

သလိုပဲ၊ အခြေနေဆိုးတဲ့ ပုဂ္ဂိုလ်တွေကိုမြင်ရင် "ငါလည်း ခံခဲ့ရဖူးတယ်၊ သံသရာမှာ ငါလည်းကြုံခဲ့ဖူးတယ်၊" ကောင်းတာမြင်မြင် ဆိုးတာမြင်မြင် "ငါလည်းကြုံခဲ့ရဖူးတယ်၊ ဒါတွေဟာ သံသရာရဲ့ ဒုက္ခတွေပဲ၊ ငါတော့ ကောင်းအောင်လုပ်မှပဲ၊ မအိုခင် မနာခင် မသေခင် ငါကောင်းတာ လုပ်ရမယ်"လို့ ကောင်းရာ တုပြီးတော့ ကောင်းမှုတွေကို ပြုနိုင်ဖို့အတွက် ဆင်ခြင်စဉ်းစားရမယ်။

မြတ်စွာဘုရားဟောတဲ့ ဒေသနာထဲမှာ **ကထံ ဘူတဿ မေ ရတ္တိ ဒိဝါ ဝီတိဝတ္တန္တိ** -ငါ့မှာ နေ့တွေ ညတွေ ရက်တွေ လတွေ နှစ်တွေ ကုန်လာခဲ့တာ ဘာတွေနဲ့ ကုန်နေတာလဲ။ တစ်နေ့တာ အချိန်တစ်ခုကို ငါ့မှာ ဘာနဲ့ကုန်ဆုံးတာလဲ၊ တန်ဖိုးမရှိတဲ့အရာတွေ လုပ်ကိုင်ပြီး ကုန်ဆုံးတာလား၊ ကုသိုလ်စိတ်နဲ့ ကုန်ဆုံးတာလား၊ သို့မဟုတ် အကုသိုလ်စိတ်တွေနဲ့

ကုန်ဆုံးသွားတာလား၊ တစ်နေ့ပြီးတစ်နေ့ ငါဟာ အသက်ကြီးလာပြီ။ သံသရာရဲ့ ဒုက္ခတွေဟာ အင်မတန်မှကြီးလွန်းလို့ ငါ ကောင်းတာတွေလုပ်ဖို့ လိုအပ်တယ်" လို့ ကိုယ့်ကိုယ်ကို သတိထားပြီး ဆင်ခြင်သုံးသပ်တတ်ဖို့ လိုအပ်တယ်၊ ဆင်ခြင် သုံးသပ်ပြီး မကောင်းသေးရင် ကောင်းအောင် ကုသိုလ်အားနည်းနေရင် များများလုပ်ဖို့ ပြင်ရမယ်။ အဲဒီလို ကိုယ့်ဘဝကို ကိုယ်ပြုပြင်ရမယ်ဆိုတာ မြတ်စွာဘုရားရဲ့ အဆုံးအမတရားပဲ ဖြစ်တယ်ပေါ့။

မြတ်စွာဘုရားက ၄၀၈-ခုမြောက်ဖြစ်တဲ့ ကုမ္ဘကာရဇာတ်မှာ ရဟန်းတော်တွေနဲ့ ပတ်သက်ပြီး တော့ ဟောကြားထားတာ ရှိတယ်။ သာဝတ္ထိမြို့ ဇေတဝန်ကျောင်းဆိုတာ အားလုံးသိကြတဲ့ အတိုင်း ပဲ။ ဇေတဝန်ကျောင်းရဲ့ မြေကြီးကို အနာထပိဏ်

သူဌေးကြီးက ရွှေဒင်္ဂါးအပြည့်ခင်းပြီးတော့ ဝယ်ရတာ။ မြေဖိုးတင်ပဲ ၁၈-ကုဋေ ကုန်ကျတယ်။ ရွှေဒင်္ဂါးတွေကို အစွန်းချင်းထိပြီး ခင်းထားတဲ့ တန်ဖိုးနဲ့ ဝယ်ရတာ ၁၈-ကုဋေနော်။ အဲဒီမြေကိုပဲတစ်ခါတစ်ရံကျတော့ ကောဋိသန္တာရ လို့ စာထဲမှာသုံးတယ်။ အနာထပိဏ်သူဌေးကြီး ကျောင်းဆောက်မယ်ဆိုတော့ ဇေတမင်းသားကို တန်ဖိုးကြီးကြီးပေးပြီး ဝယ်ရတာ။

သစ်ပင်ရှိတယ်ဆိုရင်လည်း သစ်ပင်နေရာတွေကို တစ်နေရာမှာ ကွက်ပြီးတော့ သစ်ပင်ကို အတိုင်း အတာလုပ်ပြီးတော့ အဲဒီဟာ ခင်းရတယ်။ သို့သော် နောက်ပိုင်းကျတော့ ဇေတမင်းသားက ဇေတဝန်ကျောင်းရဲ့ မုခ်ဦး မြေကွက်ကို လှူလိုက်တယ်။ သစ်ပင်တွေ, သစ်ပင်နေရာတွေကိုလည်းပဲ ဇေတမင်းသားက ကုသိုလ်ပါဝင်လိုက်တယ်။

သစ်ပင်မရှိတဲ့ နေရာတွေကိုပဲ ခင်းပြီးတော့ ၁၈-ကုဋေ ကုန်ကျတဲ့ ဒင်္ဂါးငွေတွေနဲ့ မြေကြီးကို ဝယ်တယ်။ ကျောင်းဆောက်တော့လည်း ၁၈-ကုဋေနဲ့ ဆောက်တယ်၊ ကျောင်းရေစက်ချတော့လည်း ၁၈-ကုဋေ။

မြတ်စွာဘုရားဟာ သာဝတ္ထိမြို့၊ ဇေတဝန်ကျောင်းမှာ ၂၅-ဝါ သီတင်းသုံးတယ်။ အဲဒီလို ၂၅-ဝါနေရင်းနဲ့ မြတ်စွာဘုရားဟာ အင်မတန်မှ အလုပ်လုပ်တယ်။ တပည့်သာဝကတွေကို ထိန်းသိမ်းစောင့်ရှောက်တဲ့ နေရာမှာ မျက်ခြေပြတ်မခံဘူး၊ ဒီအတိုင်း မျက်စိဒေါက်ထောက်ကြည့်နေတာတော့ မဟုတ်ဘူး။ ဘာတွေ လုပ်နေကြလဲ၊ အခြေအနေကောင်းရဲ့လားဆိုတာကို နေ့အခါမှာ ၃-ကြိမ်ကြည့်တယ်၊ ညမှာဆိုရင် ၃-ကြိမ် ကြည့်တယ်။ မိမိရဲ့တပည့်တွေ အခြေအနေ ကောင်း,မကောင်း၊

အဆုံးအမအတိုင်း လိုက်နာမှု ရှိ မရှိ မြတ်စွာဘုရားက ကြည့်လေ့ရှိတယ်။

တစ်ရက်မှာတော့ လူငယ်လူရွယ် အမျိုးသား ၅၀၀-ဟာ သာသနာ့ဘောင်ကို ဝင်လာကြတယ်။ သူတို့ဟာ မြတ်စွာဘုရားနဲ့အတူ ဇေတဝန်ကျောင်းမှာ နေရင်းကနေ ညသန်းခေါင်ယံကျတော့ လူငယ်လူရွယ်တွေ ဖြစ်သည့်အလျောက် ကာမဝိတက်ဆိုတဲ့ ကာမဂုဏ်အာရုံစိတ်တွေ ပေါ်ပြီးတော့ ကြံတွေးကြတယ်။ မြတ်စွာဘုရားက အေး. . . ဒီကိုယ်တော်တွေ ဘာတွေများ တွေးနေကြပါလိမ့် မတုံးလို့ ကြည့်လိုက်တော့ လူထွက်ဖို့တွေ စဉ်းစားနေတာ ဖြစ်ကောင်းဖြစ်မယ်ပေါ့နော်။ လူ့ဘဝကို ပြန်ဖို့ စဉ်းစားနေကြတာတွေကို တွေ့တော့ အဲဒီကိုယ်တော်တွေကို ခေါ်ခိုင်းပြီး ချက်ချင်း ဆုံးမဩဝါဒပေးတယ်။ ဆုံးမတဲ့အထဲမှာ ဘာဟောတုန်းဆိုတော့

န ဘိက္ခဝေ အန္ဝော ပဝတ္တကိလေသာနံ ဝသေ ဝတ္တိတုံ- ကိုယ့်ရင်ထဲမှာ ဖြစ်လာတဲ့ ကိလေသာရဲ့ နောက်ကို မလိုက်နဲ့။

ဥပမာ- လောဘဖြစ်ရင် လောဘနောက် မလိုက်နဲ့၊ ဒေါသဖြစ်ရင်လည်း ထိန်း၊ ကိုယ့်ရင်ထဲမှာ ဖြစ်တဲ့ ကိလေသာတွေကို မြင်တဲ့အတိုင်း အကောင်အထည် မဖော်နဲ့၊ လက်ခံမထားနဲ့။ **ကိလေသော ဟိ ဝတ္တမာနော ပစ္စာမိတ္တော ဝိယ မဟာဝိနာသံ ပါပေတိ**- ရင်ထဲက ကိလေသာဟာ ဖြစ်လာရင် ရန်သူနဲ့တူတယ်။ ရန်သူဟာ ဖျက်ဆီးတတ်၊ ဒုက္ခပေးတတ်သလိုပဲ၊ ဒီကိလေသာကို ကိုယ့်ရင်ထဲမှာ အဖြစ်ခံရင် ကိုယ့်ကို ဒုက္ခပေးလိမ့်မယ်။ ဒါတွေကို ဆက်မတွေးကြနဲ့၊ ဆက်တွေးလိုက်လို့ရှိရင် ရင်ထဲက ကိလေသာတွေကို မနိုင်တော့ဘဲနဲ့ နောက်ဆုံးမှာ အရှုံးပေးသွားကြရ တတ်တယ်ပေါ့နော်။ အဲဒါမျိုး

မဖြစ်စေနဲ့လို့ မြတ်စွာဘုရားက ဆုံးမသြဝါဒပေးပြီး "ရှေးတုန်းက တကယ့်သူတော်ကောင်းတွေဟာ ပတ်ဝန်းကျင်ကို ရှုမြင်တယ်၊ သတိထားတယ်၊ ဆင်ခြင်သုံးသပ်ပြီးတော့ ကိုယ့်ဘဝကိုယ် ကောင်းအောင် လုပ်သွားကြတာကို စံနမူနာအဖြစ် မှတ်ယူသင့်တယ်" ဆိုပြီးတော့ ကုမ္ဘကာရဇာတ်ကို ဟောတာ နော်။

## ကုမ္ဘကာရဇာတ်

မြတ်စွာဘုရားအလောင်းတော်ဟာ ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်း အုပ်စိုးတဲ့အချိန်၊ ဗာရာဏသီမြို့ရဲ့ မြို့တံခါးအနားမှာ ရွာတစ်ရွာရှိတယ်၊ အဲဒီရွာမှာ အိုးလုပ်ငန်းနဲ့ အသက်မွေးတယ်။ သားတစ်ယောက် သမီးတစ်ယောက် ထွန်းကားပြီး သူတို့မိသားစုလေးယောက် အတူနေကြတယ်။

အိုးလုပ် အသက်မွေးသည့်အတွက် ချမ်းသာတာ မဟုတ်သော်လည်း မျှမျှတတ အသက်မွေးနိုင်ကြတယ်။

တစ်နေ့ကျတော့ နံနက်ပိုင်း အချိန်မှာ သူတော်စင် ပုဂ္ဂိုလ် ၄-ဦးဟာ ကောင်းကင်ယံကနေ ကြွရောက်ပြီး ဘုရင့်ဥယျာဉ်မှာ ဆင်းသက်ပြီး သူ့အိမ် တံခါးဝဘက်ကို ကြွလာတယ်။ အခုမြန်မာနိုင်ငံမှာ ဆွမ်းခံတယ်ဆိုတာ ဗုဒ္ဓဘာသာဝင်တွေ ရိုးရာကိစ္စ ဖြစ်နေသလို ရှေးတုန်းက ဆွမ်းခံကြတယ်။ ဆွမ်းခံ တာ မထူးဆန်းတော့ဘူး။ တစ်ချို့နိုင်ငံတွေမှာ ဆိုရင် ဆွမ်းခံတဲ့အလေ့ ပျောက်သွားပြီ။ ဆိုပါစို့ သီရိလင်္ကာ နိုင်ငံမှာဆို တောအရပ်လောက်ပဲ ရှိတော့တယ်။ မြို့မှာ ဆွမ်းခံတဲ့အကျင့် ပျောက်သွားပြီ။ ထိုင်းမှာ တော့ ဆွမ်းခံတဲ့အလေ့အကျင့် ရှိသေးတယ်။ ကမ္ဘောဒီးယားတို့၊ လာအိုတို့မှာလည်း ရှိပုံရတယ်၊

တခြားနိုင်ငံတွေမှာ ဆွမ်းခံတာ မရှိတော့ဘူး။ အဲဒီတော့ ဆွမ်းခံတဲ့အလေ့အကျင့်ဟာ ပျောက်ကွယ်သွားပြီ။

အိန္ဒိယနိုင်ငံမှာ တစ်ချိန်တုန်းက သူတော်စင် သူတော်မြတ်တွေဟာ တစ်အိမ်တစ်ဇွန်း သပိတ်ကလေး ပိုက်ပြီး လှည့်လည်သွားလာတာ။ သဒ္ဓါတရားပေါက်တဲ့ ပုဂ္ဂိုလ်တွေက လှူတဲ့ ကျွေးမွေးတာလေးနဲ့ ကျေနပ်ပြီး ကိုယ့်ဘဝကိုယ် ပြုပြင်နေထိုင်လေ့ရှိတယ်ပေါ့။ အခုလည်းပဲ သူတော်စင်ပုဂ္ဂိုလ်(၄)ဦးဟာ ဣန္ဒြေသိက္ခာရှိရှိနဲ့ သူတို့ရဲ့ မျက်နှာတွေကလည်း ကြည်လင်လို့၊ အသားအရေတွေကလည်း သန့်ရှင်းစင်ကြယ်ပြီးတော့ တကယ့်ကို စိတ်ချမ်းချမ်းသာသာ ပုံပန်းသဏ္ဌာန်နဲ့ အိမ်တံခါးဝကို ရောက်လာတယ်။ ဘုရားအလောင်းက ဘဝါဘဝကတည်းက ပေးချင်ကမ်းချင်တဲ့ သဒ္ဓါတရားရှိတော့

အဲဒီ သူတော်စင်တွေကိုလည်းမြင်ရော အိမ်ပေါ်ကြွဖို့ ပင့်တယ်။ ဆွမ်းလှူမယ်ပေါ့။ အိမ်ပေါ်ကြွတော့ နေရာထိုင်ခင်း ပေးထားတယ်ပေါ့။

တကယ်တော့ အဲဒီပုဂ္ဂိုလ်တွေဟာ သာမန် ပုဂ္ဂိုလ်တွေ မဟုတ်ဘူး၊ ဟိမဝန္တာဘက်က ကြွလာတဲ့ ပစ္စေကဗုဒ္ဓါတွေ ဖြစ်နေတယ်နော်။ သူတို့ဟာ လူ့ဘဝတုန်းကလည်းပဲ တိုင်းပြည်အုပ်ချုပ်တဲ့ မင်းစိုး ရာဇာတွေ ဖြစ်ခဲ့ကြတယ်။ သို့သော် သူတို့ဟာ အခု ပစ္စေကဗုဒ္ဓါ သူတော်စင်သူတော်မြတ်တွေ အနေနဲ့ ရောက်လာတာ ဖြစ်တယ်။ ဘုရားလောင်းနဲ့ တွေ့ တော့ အိုးလုပ်ရုံကြီးထဲ ပင့်ပြီးတော့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ဆွမ်း, ကွမ်း လုပ်ကျွေးတယ်။ ပြီးတော့ အလှူရေစက် လက်နဲ့မကွာဆိုတာလို ပစ္စေကဗုဒ္ဓါတွေ ဟောပြောတဲ့ ရေစက်ချတရားကို နားထောင်ရင်းနဲ့ စကားစမြည် ပြောတယ်ပေါ့။

ပစ္စေကဗုဒ္ဓါလို့တော့ မသိဘူးပေါ့။ ထိုခေတ်ကတော့ သူတော်စင် သူတော်မြတ်တွေဟာ ဆွမ်းခံလှည့်လည်ကြတာဟာ ရိုးနေတဲ့ အနေအထားမျိုး ရှိတော့ သာမန်ပဲ ထင်မှာပေါ့။

သူတော်စင်တွေကို စကားပြောရင်းနဲ့ သူက မေးတယ် "အရှင်ဘုရားတို့ကို ကြည့်ရတာ အသားအရေတွေကလည်း စင်ကြယ်ကြတယ်။ ဣန္ဒြေတွေကလည်း ကောင်းလိုက်ကြတာ။ သိက္ခာသမာဓိလည်းရှိတယ်။ အရှင်ဘုရားတို့ အခုလို ဆွမ်းခံလှည့်လည်ပြီး စားရတဲ့ ရဟန်းဘဝကို ခံယူတာ ဘာကြောင့်လဲ။ အသက်အရွယ်လည်း အလွန်အမင်း မကြီးကြသေးဘူး။ ခုခေတ်လိုပြောရင် "အရှင်ဘုရားတို့ ဘာဖြစ်လို့ ဘုန်းကြီးဝတ်လာကြတာလဲ"လို့ မေးတာပဲ။ ဒီဘဝမျိုးကို ဘာကြောင့် ဘယ်ဘဝကနေ ကူးပြောင်းလာကြတာလဲလို့

ပစ္စေကဗုဒ္ဓါအရှင်မြတ်တွေကို မေးတဲ့အခါမှာ - အကြီးဆုံး ပစ္စေကဗုဒ္ဓါအရှင်မြတ်က အရင်ဆုံး ဖြေတယ်။ ဖြေပုံလေးကို ကြည့်ရအောင်။

ပဌမ ပစ္စေကဗုဒ္ဓါ

"အမ္ဗာဟမဒ္ဒ ဝန မန္တရသ္မိံ၊
နီလောဘာသံ ဖလိတံ သံဝိရုဠှံ။
တ မဒ္ဒသံ ဖလဟေတု ဝိဘဂ္ဂံ၊
တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။"

သူပြောတဲ့ အကျဉ်းချုပ်ကလေးက အခုလို ဆွမ်းခံစားတဲ့ဘဝကို ရောက်လာတာ တခြားမဟုတ်ဘူးတဲ့။ ဒီ တောအုပ်ဉယျာဉ်ထဲမှာ အရွက်တွေက စိမ်းစိုပြီး အသီးတွေကလည်း မှည့်ပြီး ဝင်းဝင်း ဝါဝါနဲ့လှနေတဲ့ သရက်ပင်ကြီးတစ်ပင်ကို တွေ့တယ် တဲ့။ အဲဒီ သရက်ပင်ကြီးဟာ ဒီအသီးတွေကို

အကြောင်းပြုပြီးတော့ တစ်ပင်လုံး ရစရာမရှိအောင် ကျိုးပဲ့ပျက်စီးသွားတာကို သူတွေ့လိုက်ရတယ်တဲ့။ ဟော သူရဲ့ပတ်ဝန်းကျင်မှာ အသီးတွေနဲ့ လှပနေတဲ့ အပင်ဟာ ပျက်စီးနေတာကို တွေ့လိုက်လို့ စိတ်ထဲမှာ ဒါကို အမှတ်ထားပြီးတော့ လောကကြီးကို ဆင်ခြင် သုံးသပ်ကြည့်ပြီး သူဟာ ဒီဘဝကို ကူးပြောင်းလာခဲ့ တာ ဖြစ်တယ်လို့ အကျဉ်းချုပ် ပြောတာပေါ့။

သို့သော် သူ့ရဲ့ဇာတ်လမ်းကို သေသေချာချာ ရှင်းပြောတဲ့အခါမှာ သူဟာ တခြားမဟုတ်ဘူးတဲ့။ ကလိင်္ဂတိုင်းက ဒန္တပူရမြို့မှာ ကရဏ္ဍကဆိုတဲ့ မင်းဘဝနဲ့ တိုင်းပြည်ကို အုပ်စိုးခဲ့တာ ဖြစ်တယ်ပေါ့။ ကလိင်္ဂတိုင်းဆိုတာ ကနေ့ခေတ်မှာလည်း ကလိင်္ဂ လို့ ခေါ်တာရှိတယ်။ အိန္ဒိယမှာ ကာလကတ္တားကနေ တောင်ကို ဖြောင့်ဖြောင့်သွားလိုက်လို့ရှိရင် ဩရိသ ပြည်နယ်ကို ရောက်မယ်။ မြန်မာပြည်နဲ့ ပြောမယ်

ဆိုရင် ပုသိမ်နဲ့ ကမ်းရိုးတန်း တစ်ဖြောင့်တည်း လောက်ရှိတယ်။ ဘုန်းကြီးတို့လည်း သီတဂူဆရာ တော်ကြီးက ခေါ်တာနဲ့ လိုက်သွားဖူးတယ်။ အဲဒီ ဩရိသပြည်နယ်ထဲမှာ ကလိင်္ဂတိုင်းဆိုတာ ရှိတယ်။

အဲဒီ ကလိင်္ဂတိုင်းက သမိုင်းကြောင်းနဲ့ ပြောမယ်ဆိုရင် အသောကမင်းကြီးက ကလိင်္ဂကို ကျူးကျော်ပြီး စစ်တိုက်တဲ့အခါမှာ လူနှစ်သိန်း လောက် သွေးချောင်းစီးသွားတယ်နော်။ သူတို့တိုက်ပွဲ ဟာ အလွန်ပြင်းထန်တယ်။ ဒါကြောင့်မို့ ကလိင်္ဂ တိုင်းနားက ခေါင်ရီလို့ခေါ်တဲ့ ဒဝလဂိရီ ဆိုတဲ့ တောင်လေးနားမှာ ချောင်းကြီးရှိတယ်။ အခုတော့ ကောနေပြီပေါ့။ အဲဒီနားလေးမှာ တိုက်ပွဲက သွေး ချောင်းစီးသွားတာ။ ကလိင်္ဂတိုင်းက ပြန်ပြီးတော့ ခုခံတိုက်ခိုက်တယ်။ အသောကမင်းကြီးကလည်း ကလိင်္ဂတိုင်းကို သိမ်းပိုက်ဖို့ ကြိုးစားတာ အောင်ပေ

မယ့် လူနှစ်သိန်းလောက် သေဆုံးတယ်။ ဒါကြောင့်မို့ အဲဒီနားလေးမှာ အသောကမင်းရဲ့ Ethic ခေါ်တဲ့ ကျောက်စာတွေ ရေးထိုးထားတာ ရှိတယ်ပေါ့။

အရင်တုန်းကတော့ စဏ္ဍာသောက-အလွန် စိတ်ကြမ်းကိုယ်ကြမ်းနိုင်တဲ့ ဘုရင်ကြီး။ နောက်ပိုင်းကျတော့ ဘယ်သူ့ကိုမှ အဓမ္မနည်းနဲ့ အနိုင်မယူတော့ဘူး။ ဓမ္မဝိဇယ-တရားနဲ့ပဲ အောင်နိုင်အောင် ကြိုးစားတော့မယ်ဆိုပြီးတော့ အဲဒီမှာ သူ သံဝေဂ ရသွားတာနော်။ မြန်မာလူမျိုးတွေ ပြောပြောနေတဲ့ ဓမ္မသောကမင်းကြီးပေါ့နော်။ အဲဒီဓမ္မသောကမင်းကြီးဟာ ကလိင်္ဂစစ်ပွဲပြီးတဲ့အချိန်မှာ သံဝေဂရပြီးတော့ စစ်ကိုရှောင်လိုက်တာ နောက်မတိုက်တော့ဘူး။ အဲဒီမှာ သူ့ရဲ့မှတ်တမ်းမှတ်ရာ ကျောက်စာတွေ ထိုးထားတာရှိတယ်။

ကလိင်္ဂတိုင်းဟာ အသောကမင်း မတိုင်မီ

ရှေးကတည်းကရှိတာ။ ကနေ့လည်း ရှိတယ်ပေါ့။ ကာလိင်္ဂတိုင်း ဒန္တပူရမြို့ ဆိုတာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံပြီးတဲ့အချိန်မှာ လက်ဝဲအောက်စွယ်တော် ဟာ အဲဒီရောက်သွားတာနော်။ ဘေးကလူတွေက ဘုရားရဲ့စွယ်တော်ကို လုမလို့ လာတဲ့အခါမှာ အဲဒီ ဒန္တပူရမြို့မှာရှိတဲ့ ဒန္တကုမာရနဲ့ ဟေမမာလာ မင်းသမီးတို့က ရုပ်ဖျောက်ပြီးတော့ မင်းသမီးရဲ့ ဆံထုံးထဲမှာ ဘုရားရဲ့ စွယ်တော်ကို ဝှက်ပြီးတော့ သီရိလင်္ကာ နိုင်ငံဘက်ကို ကူးသွားတာ။ အခု သီရိ လင်္ကာမှာ ရောက်နေတဲ့ စွယ်တော်ဟာ ကလိင်္ဂ တိုင်းက စွယ်တော်ပဲလို့ ဆိုတယ်။ ဒါကတော့ ဘုရား ပွင့်ပြီးမှဖြစ်တဲ့ နီးကပ်တဲ့ သမိုင်းပေါ့နော်။

အဲဒီ ဒန္တပူရမြို့မှာ ဘုရားမပွင့်ခင် ဟိုးရှေးတုန်း က သမိုင်းကြောင်း အလွန်ရှည်လျားတဲ့ အချိန်တုန်း က ကရဏ္ဍက ဆိုတဲ့ ဘုရင်ကြီးဖြစ်ခဲ့တယ်။ တစ်နေ့

ကျတော့ ဆင်စီးပြီးတော့ အခြံအရံ ပရိသတ်တွေနဲ့ ဥယျာဉ်ထွက်တယ်။ ဥယျာဉ်အဝင်မှာ လှပတဲ့ သရက်ပင်ကြီး အသီးတွေကလည်း မှည့်ဝင်းနေတယ်ပေါ့။ ဝင်းဝါနေတဲ့ သရက်သီးတွေကို တွေ့တဲ့ အခါမှာ ဘုရင်ကြီးက ဆင်ပေါ်ကနေပြီးတော့ သရက်သီးခိုင် တစ်ခိုင်ကို ခူးလိုက်တယ်။ ပြီးတော့ ဥယျာဉ်ထဲမှာနေရင်း သူနဲ့ပါတဲ့ လူတွေကိုကျွေး၊ သူကိုယ်တိုင်လည်း သရက်သီးစားပေါ့။

ဘုရင်ကြီးလည်း သရက်သီး ခူးသွားရော နောက်ကပါလာတဲ့ ပရိသတ်တွေအကုန်လုံးက "ဟာ ဘုရင် ခူးပြီးပြီဆိုရင် ခူးကြ" ဆိုပြီး ဟိုလူကခူး၊ ဒီလူကခူးနဲ့ အသီးတွေ ပြောင်ရုံတင်မကဘူး တချို့က အကိုင်းပါ ချိုးပစ်တယ်။ လုကြယက်ကြနဲ့ ဆိုတော့ အဲဒီ သစ်ပင်ကြီးတစ်ပင်လုံးဟာ ရစရာ မရှိဘူး။ အသီးဆိုတာ လုံးဝမကျန်တော့ဘူး။ ခူးလိုက်

ကြ လုယက်လိုက်ကြတာ ဘာနဲ့တူတုန်းဆိုရင် ပိုက်ဆံကြဲလို့ ဝိုင်းလုတာနဲ့ တူတယ်။ သစ်ပင်ကြီးကို ပွစာတက်သွားတယ်။ ဘုရင်ကြီးက ညနေအချိန် ရောက်တဲ့အခါကျတော့ အဲဒီလမ်းကနေ ပြန်ထွက် တဲ့အခါမှာ သစ်ပင်က ပွစာတက်နေပြီ။ အဝင်တုန်း က အဲဒီအပင်ကြီးက စိမ်းစိမ်းညို့ညို့နဲ့ အသီးတွေ ဝင်းဝင်းဝါဝါနဲ့ အင်မတန်လှတာ။ သူက တစ်ခိုင်ပဲ ဆွတ်တာ၊ "ဘုရင်ကြီး ဆွတ်ပြီးပြီ" ဆိုပြီး နောက်က လိုက်လာတဲ့ သူတွေက အကုန်ဆွတ်ကြတော့ အပင်ကြီးဟာ အကိုင်းတွေကျိုးပဲ့ ပျက်စီးနေတာ ကြီးကို မြင်တော့ သူက စဉ်းစားတာပေါ့။

မလှမ်းမကမ်းမှာရှိတဲ့ အသီးမသီးတဲ့ သရက် ပင် တစ်ပင်ကျတော့ ဘယ်သူကမှ မနှိပ်စက်ဘူး။ အသီးသီးတဲ့ သရက်ပင်ကိုတော့ ဝိုင်းနှိပ်စက်ထား လိုက်ကြတာ။ အဲဒါ သူ့ရဲ့ ပတ်ဝန်းကျင်မြင်ကွင်းပဲ။

သာမန်အားဖြင့် မစဉ်းစားတဲ့ လူတစ်ယောက်ဆိုရင် သရက်သီးတွေ ခူးပစ်ကြတာ ကုန်ပြီပဲလို့ ဒီ့ထက်ပိုပြီးတော့ မတွေးဘူး။ သူကတော့ ဘယ်လိုစတွေးလဲဆိုရင် "ဒီသရက်ပင်ကြီး အခုလို ရုပ်ပျက်ဆင်းပျက်နဲ့ အကိုင်းအခက်တွေ ကျိုးပဲ့ပျက်စီးသွားတာဟာ အခြားကြောင့် မဟုတ်ဘူး၊ အသီးကြောင့်ဖြစ်တာ။ ဟိုမှာ အသီးမရှိတဲ့ အပင်ဟာ ဘာမှမဖြစ်ဘူး" ဒီလို စဉ်းစားပြီးတော့ "ငါ့ဘဝဟာလည်း မင်းစိုးရာဇာဘဝ၊ မိသားစုဘဝ၊ သားတွေသမီးတွေနဲ့ နေတာဟာ အသီးသီးတဲ့ သရက်ပင်ကြီးနဲ့ တူနေပြီ။ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေတယ်၊ စည်းစိမ်ဥစ္စာတွေနဲ့ နေတယ်ဆိုတာ အသီးသီးတဲ့ သရက်ပင်ကြီးနဲ့ တူတယ်။ လုယက်ကြမယ်ဆိုရင် ဒီသရက်ပင်ကြီး ကျိုးပဲ့သွားသလို ငါ့ဘဝဟာလည်း ကျိုးပဲ့သွားမှာပဲ" တဲ့။ စဉ်းစားပုံလေးကို ပြောတာနော်။ အဲဒါကိုပြော

တာ "ပတ်ဝန်းကျင်ကို ရှုမြင်၍" ဆိုတာ။ သတိထား တယ်၊ အသိဉာဏ်နဲ့ ရှုမြင်တယ်၊ ရှုမြင်ပြီးတော့ သူ့ဘဝကို သူ ဆင်ခြင်တာနော်။

ငါ့ဘဝဟာ အသီးသီးတဲ့ သရက်ပင်ကြီးနဲ့ တူနေပြီ။ ဟော ဟိုဘက်တစ်ပင်ကို ကြည့်လိုက်မယ် ဆိုရင် အသီးမသီးသည့်အတွက်ကြောင့် ဘယ်သူ ကမှ မဖျက်ဆီးဘူး။ ရဟန်းဘဝ သူတော်စင်ဘဝ ကျတော့ ဘယ်သူကမှ ဒုက္ခမပေးဘူး။ ငါ့ဘဝမှာ ဆိုလို့ရှိရင် တိုင်းပြည်အာဏာလုမယ့် လူတွေနဲ့၊ ငါ့ကို နှိပ်စက်မယ့် လူတွေနဲ့ ငါဟာ အမြဲတမ်း သတိထား ပြီးတော့ ကာကွယ်ရေးတွေနဲ့ နေရတယ်ပေါ့။ ငါ့ဘဝ ဟာ အသီးသီးတဲ့ သရက်ပင်ကြီးလို ဖြစ်နေပြီ၊ ပျက်စီးသွားနိုင်တယ်။ အဲဒီ သရက်ပင်နားလေးမှာ ရှေ့ဆက်မသွားဘဲနဲ့ တော်တော်ကြာအောင် တွေး နေတာနော်။ ဘေးကလူတွေကတော့ ဘုရင်ကြီး

ရပ်နေတော့ အားလုံးလည်း ရပ်နေကြပေမယ့် ဘုရင်ကြီး ဘာတွေးနေလဲဆိုတာတော့ ဘယ်သိမလဲ နော်။

ဘုရင်ကြီးက အဲဒီသရက်ပင်နားမှာ တွေးရင်းကနေပြီးတော့ နောက်ဆုံးမှာ သရက်ပင်ကြီး ပျက်စီးသွားသလို ဒို့ရ,ထားတဲ့ ရုပ်နာမ်တရားတွေဟာ လည်းပဲ တနေ့ကျတော့ ပျက်စီးသွားမှာပဲလို့ ဆိုတဲ့ ဒီ ရုပ်တရားနာမ်တရားတွေရဲ့ ခိုင်မာမှုမရှိတဲ့သဘော သူ့ဘာဝရတဲ့ အခြေအနေတွေထိအောင် အကုန်လုံး ဆက်စပ်ပြီးတော့ ဆင်ခြင်တယ်။ သရက်ပင်ကြီးကို အာရုံပြုရာကနေပြီးတော့ သူ့ရဲ့ ဘဝတစ်ခုလုံးကို ဆင်ခြင်သုံးသပ်ပြီးတော့ မမြဲတဲ့သဘောတွေ၊ ဆင်းရဲတဲ့သဘောတွေ ကိုယ်ဘာမှ အစိုးမရတဲ့သဘောတွေကို သံဝေဂတွေနဲ့ ဆက်စပ်ပြီး အသိဉာဏ်တွေ တက်လာလိုက်တာ နောက်ဆုံးမှာ ဘယ်သူကမှ

နည်းပြတာ မဟုတ်ပေမယ့်လို့ သူ့ဉာဏ်ထဲမှာ အတွေးပြီး အတွေးနဲ့ အမြင်တွေက ထူးခြားထက်မြက်လာပြီးတော့ သူဟာ အဲဒီနားတင်ပဲ ပစ္စေကဗောဓိဉာဏ် ရသွားတာနော်။ သောတာပတ္တိမဂ်ဉာဏ်ဖြစ်တယ်။ သကဒါဂါမိမဂ်ဉာဏ်၊ အနာဂါမိမဂ်ဉာဏ်၊ အရဟတ္တမဂ်ဉာဏ် ဖြစ်ပြီး ပစ္စေကဗုဒ္ဓါဖြစ်သွားတယ်။

ပစ္စေကဗုဒ္ဓါဆိုတာ ဘယ်သူကမှ တရားဟောစရာမလိုဘဲနဲ့ သူ့ကိုယ်ပိုင်ဉာဏ်နဲ့ သိစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်မျိုးကို ဆိုလိုတယ်။ ဘုရားဆီက တရားနာပြီးတော့မှ သိတာမဟုတ်ဘူး။ သူ့ကိုယ်ပိုင်ဉာဏ်နဲ့ ဆက်စပ် တွေးခေါ်ပြီးတော့ သိသွားတာ။ သူဟာ မတ်တပ်ရပ်ရင်းနဲ့ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ အတွေးအမြင်ထဲမှာ နစ်မြောပြီးတော့ အကြာကြီး ရပ်နေလိုက်တာ။ အဲဒီအချိန်မှာ နောက်က

အမတ်ကြီးတွေက "အရှင်မင်းကြီး ပြန်ဖို့အချိန်တန်ပြီ အချိန်တွေ နောက်ကျနေပြီပေါ့"။ အဲဒီကျတော့မှ သူက "ငါ မင်းကြီးမဟုတ်တော့ဘူး၊ ငါ ပစ္စေကဗုဒ္ဓါ သူတော်စင်အဖြစ်ကို ကူးပြောင်းလိုက်ပြီ"တဲ့။ သူဟာ တရားထဲကိုပဲ စိတ်ကရောက်နေတော့ ငါ မင်း မဟုတ်ဘူးလို့ သူက ငြင်းလိုက်တယ်။ "အရှင်မင်းကြီး မပြောကောင်းဘူး၊ ပစ္စေကဗုဒ္ဓါဆိုတာ အရှင်မင်းကြီး လိုမှ မဟုတ်တာ။ ပစ္စေကဗုဒ္ဓါဆိုတာ ခေါင်းမှာ ဆံပင်မရှိဘူး၊ မျက်နှာမှာ မုတ်ဆိတ်တွေ၊ ကျင်ဆွယ် တွေ မရှိဘူး၊ အားလုံးကို စွန့်လွှတ်တာ။ ပစ္စေကဗုဒ္ဓါ ဆိုတာ သပိတ်နဲ့ သင်္ကန်းနဲ့"ဆိုတော့ သူ့ခေါင်းကို သူ ပွတ်ကြည့်လိုက်တယ်။ ပွတ်လိုက်တာနဲ့ပဲ သူတို့ရဲ့ ထုံးတမ်းအစဉ်အလာအရ လူ့အသွင်ဟာ ပျောက်ပြီး ရဟန်းအသွင်ကို ချက်ချင်း ရောက်သွားတယ်။ မင်းဝတ်တန်ဆာတွေကို ချွတ်ပြီးသား၊ သူတော်စင်

အဝတ်ကို ဝတ်ပြီးသားဖြစ်ပြီး ပစ္စေကဗုဒ္ဓါ တစ်ဆူရဲ့ အသွင်ကို ချက်ချင်းရသွားတယ်။ အဲဒီအခါမှ ပရိသတ်ကို တရားဟောပြီးတော့ ကောင်းကင်ပျံ တက်သွားပြီး ဟိမဝန္တာတောင်မှာ ပစ္စေကဗုဒ္ဓါတွေ သီတင်းသုံးတဲ့ "နန္ဒမူလ" လိုဏ်ဂူကို ကြွသွားတယ်။ ဒါဟာ ပထမပစ္စေကဗုဒ္ဓါက သူ့ဘဝအကြောင်းကို ပြောပြတဲ့ အဖြစ်အပျက်တစ်ခုနော်။

## ဒုတိယ ပစ္စေကဗုဒ္ဓါ

အဲဒီလို ပြောပြပြီးတော့ ဘုရားအလောင်းက နားထောင်ရင်းနဲ့ "သြော် ဟုတ်လိုက်တာ၊ အရှင်ဘုရားဘဝ အရတော်လိုက်တာ၊ စဉ်းစားပုံကောင်းလိုက်တာ"လို့ ပြောပြီး "ဒီဘက်က ကိုယ်တော်ရော အရှင်ဘုရားရော ဘာကြောင့် ဒီဘဝရောက်လာတာတုန်း"လို့ ဒုတိယအရှင်မြတ်ကို မေးတဲ့အခါ

ကျတော့ သူကလည်း သူ့ရဲ့အတွေ့အကြုံကို ဘယ်လို ပြောတုန်းဆိုတော့

"သေလံ သုမဇ္ဈ နရဝီရ နိဒ္ဒိတံ၊
နာရီယုဂံ ဓာရယိ အပ္ပသဒ္ဒံ၊
ဒုတိယဥ္စ အာဂမ္မ အဟောသိ သဒ္ဒေါ၊
တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ" တဲ့။

သူကတော့ "ကျွမ်းကျင်တဲ့သူတွေ လုပ်ထားတဲ့ ပတ္တမြား လက်ကောက်ကလေးကို အမျိုးသမီး တစ်ယောက်ဟာ ဝတ်ဆင်ထားတယ်။ လက်တစ်ဖက်စီမှာ တစ်ကွင်းစီပဲ ဝတ်ထားတဲ့အခါမှာ ဘာသံမှ မကြားဘူး။ နောက်တစ်ခါ ပြောင်းပြီးတော့ လက်ဝဲ တစ်ဖက်တည်းမှာ လက်ကောက်လေး နှစ်ကွင်းကို ဝတ်လိုက်တဲ့အခါ တစ်ခုနဲ့တစ်ခုထိပြီး အသံတွေ ထွက်လာတယ်"တဲ့။ အဲဒါလေးကို သူ စိုက်ကြည့်ပြီးတော့ "အေး တစ်ဦးတည်းရဲ့ဘဝဟာ ကောင်း

တယ်" ဆိုပြီး သူတော်စင်ဘဝကို ပြောင်းခဲ့ပါတယ် တဲ့။ ဒါ အတိုချုပ်ကလေး ပြောပြတာနော်။

သူ့ရဲ့ ဇာတ်လမ်းအကျယ်ကျတော့ ဘယ်လို တုန်းဆိုရင် သူဟာ ဂန္ဓာရတိုင်းက တက္ကသိလာမြို့ကို အုပ်ချုပ်တဲ့ နဂ္ဂဇိလို့ခေါ်တဲ့ မင်းပဲ။ ဂန္ဓာရတိုင်းဆိုတာ အခု သမိုင်းကြောင်းနဲ့ ပြောမယ်ဆိုရင် ပါကစ္စတန် နိုင်ငံမှာနော်။ ပါကစ္စတန်တို့ အာဖဂန် နစ္စတန်တို့ ဆိုတာ တွဲနေတာ။ ပါကစ္စတန်မှာ ကနေ့မြေပုံကို ဖတ်ကြည့်မယ်ဆိုရင် ကန်ဓဟာဆိုတဲ့ မြို့ရှိတယ် လေ။ ကဘူးမြို့တို့၊ ကန်ဓဟာမြို့တို့။ အဲဒီ ကန်ဓဟာ မြို့ကို "ဂန္ဓာရ"လို့ တချို့လည်း ယူဆကြတယ်။ အဲဒီ တော့ ဂန္ဓာရဆိုတာ ကနေ့မြေပုံနဲ့ ပြောမယ်ဆိုရင် ပါကစ္စတန်တို့ အာဖဂန် နစ္စတန်တို့မှာ ရှိတယ်။ နောက် သူက ဂန္ဓာရတိုင်းနဲ့ ကသ္မီရတိုင်းနှစ်တိုင်း အုပ်စိုးတယ်။ ဒီကနေ့လည်းပဲ ကသ္မီရလို့ပဲ ခေါ်

တယ်။ တခါတရံ သတင်းစာဖတ်မိလို့ရှိရင် ကသ္မီရကို "ကရှ်မီး"လို့ ခေါ်တာ တွေ့ကြလိမ့်မယ်။ ကရှ်မီး ပြည်နယ်ဟာ အိန္ဒိယနဲ့ ပါကစ္စတန်ရဲ့ နယ်စပ်နေ်ာ။ ကရှ်မီးပြည်နယ်က နာဂါစကီဆိုတဲ့မြို့ဟာ ပါကစ္စ တန်ဘက်က ဘာသာချင်းမတူတဲ့ မူစလင်တွေ ရောက်နေတာ။ ဟိန္ဒူတွေနဲ့ သူတို့ဟာ အမြဲတမ်း အချင်းများကြတယ်။ ကရှ်မီးမှာရှိတဲ့ နာဂါစကီမြို့ဟာ အိန္ဒိယဘက်မှာ ပါတယ်။ သို့သော် ဘာသာချင်းမတူ တဲ့ ပုဂ္ဂိုလ်တွေအကြား အမြဲတမ်း အတိုက်အခိုက် ရှိတယ်ပေါ့။

တခါတုန်းက သီတဂူဆရာတော်ကြီးပါလာ တဲ့ စီဒီခွေ ကြည့်လိုက်ရတယ်။ အိန္ဒိယနဲ့ ပါကစ္စ တန်နိုင်ငံ နယ်ခြားဒေသမှာ မနက်ခင်းဆိုရင် အလံ တင်တဲ့ အခမ်းအနား ညနေကျတော့ အလံချတဲ့ အခမ်းအနား နေ့စဉ်လုပ်တာ။ ပါကစ္စတန်ဘက်

ကလည်း လုပ်တယ်။ အိန္ဒိယဘက်ကလည်း လုပ်တယ်။ အဲဒီနယ်စပ်မှာ အမြဲတမ်း အလံတင် အလံချ အခမ်းအနားရှိတယ်။ အဲဒီ အခမ်း အနားကို ရိုက်ကူးထားတာကို Television မှာ တစ်ခါ ကြည့် လိုက်ရတယ်ပေါ့။

အခု ဒီဘုရင်ကြီးကလည်း ဂန္ဓာရတိုင်းနဲ့ ကသ္မီရတိုင်း နှစ်တိုင်းကို အုပ်ချုပ်ပြီးတော့ တက္ကသိလာမြို့မှာ ဘုရင်လုပ်တယ်။ မြန်မာပြည်က တက္ကသိုလ်ဆိုတာ အဲဒီက နာမည်ကိုယူပြီး မှည့်ခေါ် တာ။ သူတို့ဆီမှာတော့ တက္ကစီလာ ဆိုတဲ့ နာမည်နဲ့ ရှိတယ်ပေါ့နော်။ ဂန္ဓာရတိုင်း ယဉ်ကျေးမှုတို့ ဘာတို့ အခုချိန်ထိ ရှိတယ်လေ။ ပန်းပုထုတာတို့ ဘာတို့ပေါ့ နော်။ တွေ့ဖူးကြလိမ့်မယ်၊ အရိုးပြိုင်းပြိုင်း ထနေတဲ့ ဒုက္ကရစရိယာကျင့်နေတဲ့ ပုံတော်ကြီးဟာ ဂန္ဓာရတိုင်း က လက်ရာပဲပေါ့။ အဲဒီ ဂန္ဓာရတိုင်းမှာ ဘုရားရုပ်ထု

တွေတို့ ပါကစ္စတန်ထဲမှာ ဘုရားရုပ်ထုတွေတို့ ဘုရားစေတီပဟောင်းတွေတို့ တော်တော်ရှိတယ်။ အဲဒီမှာ သူက နဂ္ဂဇိဆိုတဲ့ ဘုရင်ဖြစ်တာပေါ့။

တစ်နေ့တော့ ဘုရင်ကြီးထိုင်နေတဲ့ ရှေ့နားမှာ ရံရွေတော် အမျိုးသမီးတစ်ယောက်က လက်တစ်ဖက်ကို ကျောက်စိမ်း, ပတ္တမြား လက်ကောက်တစ်ကွင်းစီ ဝတ်ထားတယ်။ သူက ကျောက်ပျဉ်နဲ့ နံ့သာ သွေးနေတာ။ လက်ကောက် တစ်ဖက်တစ်ကွင်း ဝတ်ထားတုန်းကတော့ ဘာအသံမှ မကြားရဘူး။ နောက်တော့ အဲဒီအမျိုးသမီးက လက်ယာဘက်က လက်ကောက်ကို ချွတ်ပြီးတော့ လက်ဝဲဘက်မှာ စွပ်လိုက်တယ်။ အဲဒီတော့ နံ့သာသွေးတဲ့အခါ နဂိုရှိပြီးသား တစ်ကွင်းနဲ့ နောက်တစ်ကွင်း တိုက်မိတဲ့အခါကျတော့ အသံထွက်လာတယ်။ အဲတာကို ဘုရင်ကြီးက စိုက်ကြည့်ပြီးတော့

တွေးတာ။ "ကြည့်၊ တစ်ယောက်တည်းဆိုရင် စကားများစရာ မရှိဘူး။ အချင်းများစရာလည်း မရှိဘူး။ မတည့်စရာ လည်းမရှိဘူး။ ငါနေတဲ့ဘဝဟာ နှစ်ဦးနေတဲ့ ဘဝမျိုး ဖြစ်တော့ လက်လောက်နှစ်ကွင်း ထိတဲ့အသံမျိုးလိုပဲ ငါဟာ ဘယ်တော့မှ ငြိမ်းချမ်းမှာ မဟုတ်ဘူး။ ငါ့ဘဝဟာ အမြဲတမ်း အတိုက်အခိုက် တွေနဲ့ပဲ ဖြစ်နေမှာ။ အဲတော့ လက်ကောက်တကွင်း တည်း ဝတ်တဲ့ဘဲလို တိတ်ဆိတ်ငြိမ်သက်ပြီး အေးချမ်းတာမျိုးကို ငါမရနိုင်ဘူး။ မင်းဘဝဟာ အဆင်မပြေဘူး။ တစ်ဦးတည်းပဲ ဧကစာရီ ထွက်ပြီး တော့ ငါဟာ သူတော်စင်သူတော်မြတ်အဖြစ် ပြောင်းလဲတာပဲ ကောင်းတယ်"တဲ့။ ဘဝတစ်ခုကို သူက မြင်တတ် ကြည့်တတ်တာပေါ့နော်။

သာမန်ပုဂ္ဂိုလ်ဆို ဒီအတွေး ဘယ်ပေါ်မလဲ နော်။ ငါ့ဘဝဟာ လက်ကောက်နှစ်ခု ခတ်သလို

ပြဿနာတွေ ဖိတ်ခေါ်နေတဲ့ ဘဝမျိုး ဖြစ်နေတယ်။ လက်ကောက် တစ်ခုတည်းစီ ဝတ်တဲ့အချိန်မှာ ဘာသံမှ မကြားရဘူး။ ဒီတော့ လက်ကောက် တစ်ကွင်းတည်းဆိုတဲ့ အနေအထားမျိုး ရောက် အောင် ဧကစာရီ တောထွက်ပြီးတော့ သူတော်စင် ဘဝ ကူးပြောင်းတာပဲ ကောင်းတယ်လို့ ဆိုပြီး သူက သူတော်စင်ဘဝ ရောက်လာခဲ့တယ်ဆိုတဲ့ အ ကြောင်း ဒုတိယပစ္စေကဗုဒ္ဓါက ရှင်းပြတယ်။

သူလည်းပဲ ခုနကလို လက်ကောက်ကို အာရုံပြုပြီး စဉ်းစားလိုက်တာ၊ နှစ်ယောက်ဆိုရင် မတည့်ဘူး ရန်ဖြစ်မယ်။ တစ်ယောက်တည်း ကောင်းတယ်။ တစ်ယောက်တည်း ကျင့်ရမယ်။ နှစ်ယောက်ဟာ တိုက်ခတ်မှုတွေ ရှိတယ်ဆိုတော့ "လောကမှာ ကိလေသာဆိုတာ အာရုံနဲ့ဝတ္ထု တိုက်လို့ ပေါ်လာတယ်။ အဲဒီလို မပေါ်ရအောင်

ငါဟာ ထိန်းသိမ်းစောင့်ရှောက်ရမယ်”လို့ သူ့ကိုယ်သူ တရားချပြီးတော့ ဆင်ခြင် စဉ်းစားလိုက်တဲ့အခါမှာ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အာရုံနဲ့ဝတ္ထု တိုက်ခိုက်မှုသဘောတရားတွေကိုပါ သူသိလာပြီး ဝိပဿနာရှုရင်း နောက်ဆုံးမှာ ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။

ရှေးတုန်းကလိုပဲ ပစ္စေကဗုဒ္ဓါ ဖြစ်နေသော်လည်း မင်းဝတ်မင်းစားနဲ့ပဲ နေတဲ့အချိန်မှာ တိုင်းပြည်အုပ်ချုပ်မှုတွေ မလုပ်သည့်အတွက်ကြောင့် အမတ်ကြီးတွေက လျှောက်တဲ့အခါ “ငါဘုရင် မဟုတ်တော့ဘူး”လို့ ပြောပြီး သူ့ခေါင်းကို သူ သုံးသပ်လိုက်တဲ့အခါမှာ ပစ္စေကဗုဒ္ဓါအသွင်ရောက်ပြီး သူလည်း ဟိမဝန္တာဘက်ကို ကြွသွားတယ်။ အဲဒါ ဒုတိယ ပစ္စေကဗုဒ္ဓါအရှင်မြတ်က ဘုရားအလောင်းကို ရှင်းပြတဲ့ ဇာတ်လမ်းဖြစ်တယ်။

သူတို့ပြောတဲ့တရားကို နာရင်းကနေ "ဪ ဟုတ်လိုက်တာ၊ ငါတို့ဘဝကလည်း အသီးသီးတဲ့ ဘဝပဲ၊ လက်ကောက် နှစ်ကွင်းဝတ်တဲ့ဘဝပဲ။ ငါတို့ဟာ တိုက်ခတ်နေတာပဲ။ ပြဿနာတွေ ကြားထဲမှာ နေနေရတာ ဖြစ်တယ်"လို့ ဘုရားလောင်းက ခေါင်းတငြိမ့်ငြိမ့်နဲ့ စဉ်းစားမိနေတာနော်။ ပြီးတော့ တတိယ အရှင်မြတ်ကို မေးပြန်တယ်။ အရှင်ဘုရားကရော ဘယ်လိုကြောင့် ဒီဘဝကို ပြောင်းလာတာတုန်းဆိုတော့ သူကပြောတယ်။

**တတိယ ပစ္စေကဗုဒ္ဓါ**

"ဒိဇာ ဒိဇံ ကုဏပ မာဟရန္တံ၊
ဧကံသမာနံ ဗဟုကာ သမေစ္စ၊
အာဟာရဟေတု ပရိပါတယိံသု၊
တံဒိသွာ ဘိက္ခာစရိယံ စရာမိ"။

ငါကတော့ တခြားကြောင့် မဟုတ်ဘူး။ အသားဈေးကနေ သားတစ်လေး တစ်ခုကို ချိသွားတဲ့ငှက်ကို (ဆိုပါစို့- ကျီးကန်းတို့ဘာတို့) ဆိုရင် နောက်က ငှက်တွေက ဝိုင်းအုံလိုက်ကြတယ်။ ဝိုင်းအုံလိုက်ပြီး သူ့ဆီက ဝိုင်းလုကြတယ်။ သူ့ကို ဝိုင်းဆိတ်ကြတယ်၊ သားတစ် လွှတ်လိုက်ပြီဆိုရင် သူလည်း လွတ်သွားရော။ နောက်တစ်ကောင်က ယူသွားတယ်။ အဲဒီ ယူတဲ့အကောင်နောက် လိုက်ကြပြန်ရော။ အဲဒီကောင်ကိုလည်း ဝိုင်းထိုးကြ၊ ဆိတ်ကြတယ် နှုတ်သီးထဲမှာ သားတစ်ရှိနေသမျှ ထိုးဆိတ်တာ ခံနေရတယ်။ အစာအာဟာရ တစ်ခုအတွက်နဲ့ ဝိုင်းဝန်းနှိပ်စက်ခံရပြီး ဒုက္ခရောက်ရတယ် ဆိုတာကို သူမြင်ပြီးတော့ ဆင်ခြင်သုံးသပ်မှုနဲ့ ဒီဘဝကို ပြောင်းလာခဲ့တယ်လို့ ပြောပြတယ်။

သူ့ဇာတ်လမ်း အကျယ်ကတော့ သူဟာ

ဝိဒေဟတိုင်းက မိတ္ထိလာမြို့ကို အုပ်စိုးတဲ့ နိမိဆိုတဲ့ ဘုရင်ကြီးပဲ။ ဇာတ်ကြီးဆယ်ဘွဲ့ထဲမှာပါတဲ့ နေမိမင်းကြီးကလည်း ဝိဒေဟတိုင်း မိတ္ထိလာကပဲ၊ အတူတူပဲ။ အဲဒီမှာ သူက နိမိမင်းဖြစ်တဲ့ အချိန်မှာ နံနက်စာစားပြီး နန်းတော်ပေါ်ကနေ အဝေးကို လှမ်းရှုကြည့်တဲ့အချိန် ငှက်အုပ်ကြီးက ပျံလာတယ်။ အဲဒီ ငှက်အုပ်ထဲက ငှက်တစ်ကောင်ရဲ့ ပါးစပ်ထဲမှာ အသားစျေးကနေ ဆွဲချီလာတဲ့ သားတစ်,တစ်ခု ပါလာတယ်။ အေး. . . သူ့နောက်ကို အကုန်ဝိုင်းလိုက်ပြီး ဝိုင်းဆိတ်ကြတယ်။ အဲဒီကောင် မခံနိုင်လို့ လွှတ်ချလိုက်တော့ နောက်တစ်ကောင်က ကောက်သွားပြန်ရော။ သူ့နောက် ဝိုင်းလိုက်ကြပြန်ရော၊ သူကလည်း ထိုးဆိတ်တာ မခံနိုင်တော့ လွှတ်ချလိုက်ပြန်ရော။ အဲဒီလို ငှက်အုပ်ကြီး အစာလုနေတဲ့ပွဲကို ဘုရင်ကြီးက စူးစိုက်ပြီးတော့

ကြည့်နေတာနော်။

အဲဒီ ငှက်တွေရဲ့ သဘာဝကို မြင်ပြီးတဲ့အခါမှာ သူစဉ်းစားတယ်။ ငါ့ရဲ့ မင်းစည်းစိမ် မင်းဘဝဆိုတာလည်းပဲ နွတ်သီးထဲကို သားတစ်ရောက်နေတဲ့ ငှက်ဘဝမျိုးပဲ။ ဘာမှ မထူးဘူး၊ ငါ့ဘဝကို လိုချင်လို့ လုမယ် ကြံနေတဲ့ကောင်တွေ အများကြီးပဲ၊ ငါ့ကို ရာထူးချပြီးတော့ ရာထူးအာဏာကို လုယူမယ့် သူတွေ အများကြီးရှိတယ်။ အိပ်ကောင်းခြင်း မအိပ်ရ၊ စားကောင်းခြင်းမစားရ၊ ဒီလိုနေ,နေရတယ်။ ကြည့် ငှက်တွေဟာ သားတစ်ကို လွှတ်ချလိုက်ရင် ဘယ်ကောင်ကမှ အန္တရာယ် မပေးတော့ဘူး၊ ငြိမ်းချမ်းသွားတယ်။ ထို့အတူပဲ ရာထူးဂုဏ်သိန် စည်းစိမ်ဥစ္စာတွေ ငါ့လက်ထဲရှိနေသမျှ ငါ့ကို ဝိုင်းတိုက်ကြမှာပဲ။ လွှတ်လိုက်လို့ရှိရင် ချမ်းသာသွားမှာပဲ။ အဲတော့ ဒီလိုဘဝမျိုးဟာ ကာမဂုဏ်

အာရုံတွေကို ဆုပ်ကိုင်ထားသမျှ သားတစ်ကို နှုတ်သီးက မချတဲ့ ငှက်လိုပဲ ထိုးဆိတ်မှုတွေ ဒုက္ခတွေ မျိုးစုံခံရတယ်။ အဲဒါမျိုး ဖြစ်နေမှာပဲ။ ဒါကို လွှတ်လိုက်ခြင်းဟာ ချမ်းသာသုခရခြင်းရဲ့ အကြောင်းပဲ။ အဲဒီတော့ ကာမဂုဏ်အာရုံတွေကို ငါလွှတ်မှဖြစ်မယ်၊ မလွှတ်ဘဲ ဒီအတိုင်းနေလို့ရှိရင် ဆင်းရဲဒုက္ခတွေ ဖြစ်လိမ့်မယ်လို့ ဘဝကြီးတစ်ခုလုံးကို ခြုံငုံပြီးတော့ ဆင်ခြင်သုံးသပ်တာ ဖြစ်တယ်ပေါ့။ နောက်ဆုံးမှာ သူ့ခန္ဓာကိုယ်ရဲ့ မမြဲတဲ့သဘောတွေ၊ ဆင်းရဲတဲ့သဘောတွေ၊ အစိုးမပိုင်တဲ့ သဘောတွေ အကုန်လုံး သူဟာ သဘောပေါက်သွားပြီး ပစ္စေကဗုဒ္ဓါအဖြစ် ရောက်သွားပြန်တာပဲ။ သူလည်းပဲ ပစ္စေကဗုဒ္ဓါအဖြစ်ကို ရောက်ပြီးတော့ လိုဏ်ဂူဘက်ကို ကြွသွားတယ်။ ဒါ တတိယအရှင်မြတ် ပြောပြတာပေါ့နော်။

**စတုတ္ထ ပစ္စေကဗုဒ္ဓါ**

နောက် စတုတ္ထကိုယ်တော် ကလည်းပဲ ထို့အတူပဲ၊ သူ့ကိုမေးတော့ သူကပြောတယ်။

**"ဥသဘာဟ မဒ္ဒိ ယူထဿ မဇ္ဈေ၊**
**စလက္ကကုံ ဝဏ္ဏ ဗလူပ ပန္နံ၊**
**တ မဒ္ဒသံ ကာမဟေတု ဝိတုန္နံ၊**
**တံ ဒိသွာ ဘိက္ခာစရိယံ စရာမိ။"**

သူလည်း မြင်ကွင်းတစ်ခုကို မြင်ခဲ့တာ။ သူဟာ ဥတ္တရပဉ္စာလတိုင်းက ကပိလမြို့မှာ မင်းစိုးရာဇာအဖြစ်နဲ့ နေခဲ့တယ်။ သူ့ရဲ့ အမည်နာမက ဒုမ္မုခမင်း။ အဲဒီမင်းရဲ့ နန်းတော်ကနေ ကြည့်လိုက်မယ်ဆိုရင် နွားခြံတွေကို မြင်နေရတယ်။ မနက်ခင်းမှာ နံနက်စာစားပြီး နန်းတော်အမြင့်ပေါ် တက်ပြီးတော့ လေသာပြတင်းကနေ သူကြည့်နေတဲ့ အချိန်မှာ နွားခြံကနေ နွားတွေကို လွှတ်လိုက်တယ်

ပေါ့။ အဲဒီ အချိန်ကလည်း နွားရိုင်းလိုက်တဲ့ အချိန် ဖြစ်တော့ နွားထီးကြီးတွေ နွားသိုးကြီးတွေက တစ်ကောင်နဲ့ တစ်ကောင် ရန်လုပ်ကြတယ်။

အဲဒီထဲက နွားကြီးတစ်ကောင် ချိုကြီးတွေက လည်း ချွန်နေတာ။ နွားဘိုကြီးကလည်း လိမ့်လိမ့် လိမ့်လိမ့်နဲ့ လှုပ်နေတဲ့အကောင်ကြီး။ အင်အားလည်း ကြီးတယ်၊ ထွားလည်း ထွားတယ်။ အဲဒီနွားကြီးက သူနဲ့ ပြိုင်ဘက်လုပ်မယ့်ကောင်ကို ဝှေ့ထည့်လိုက်တာ ဟိုကောင်ကြီး အူတွေထွက်သွားတယ်နော်။ အဲဒါကို ဘုရင်ကြီးက လှမ်းမြင်တာ။ "ကြည့်စမ်း နွားတွေဟာ ကိလေသာကာမဂုဏ်စိတ်တွေနဲ့ အချင်းချင်း ရန်မူကြလို့ သေဆုံးသွားပြီ၊ ဗိုက်ပေါက်သွားတယ်၊ အူတွေ ထွက်သွားတယ်"။ အဲဒါကိုမြင်လိုက်တော့ "ဒီ ဒုက္ခဟာ ကာမဂုဏ် အာရုံစိတ်တွေကြောင့် ဖြစ်တဲ့ဒုက္ခပဲ"လို့ သူသဘောပေါက်သွားပြီးတော့

"ငါလည်းပဲ မထူးဘူး၊ ကာမဂုဏ်အာရုံစိတ်တွေရှိရင် ဒီလိုပဲ ပျက်စီးဆုံးရှုံးရနိုင်တယ်" ဆိုတာကို စဉ်းစား တွေးခေါ်ပြီးတော့ သူ့ဘဝ သူ့ခန္ဓာကို အာရုံစိုက် ရှုရင်းကနေ ဝိပဿနာဉာဏ်တွေ သက်ဝင်လို့ သူလည်း ပစ္စေကဗုဒ္ဓါ ဖြစ်သွားတယ်။ ဒါတွေကို ရှုမြင်ပြီးတော့ သံဝေဂရလို့ ပစ္စေကဗုဒ္ဓါ ဖြစ်လာတယ် တဲ့။ အဲဒီလို အရှင်မြတ်လေးပါးက ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေ ဖြစ်လာရတဲ့ အကြောင်းအသီးသီးကို ပြောပြတာနော်။

အဲဒီလို ပြောပြတော့ ဘုရားလောင်း အိုးထိန်း သည်နဲ့ ဇနီးတို့ဟာ ဆွမ်းကပ်ရင်းနဲ့ ပစ္စေကဗုဒ္ဓါတွေ ဟောပြောတဲ့တရားကို နာရင်းကနေ သူတို့လည်း သံဝေဂတွေ ရနေကြတယ်။ သူတော်စင်ဘဝကို ပြောင်းဖို့ စိတ်ကူးတွေ ရနေကြတယ်။ ကလေးတွေ က ငယ်သေးလို့ သိပ်မသိသေးဘူးပေါ့။ အဲဒီလို

ဘုရားလောင်းတို့ ဇနီးမောင်နှံက သံဝေဂရလာကြတဲ့ အခါကျတော့ ဘုရားလောင်းက စပြောတယ်။ အေး- ငါလည်း ဒီသူတော်မြတ်တွေရဲ့ ဘဝဇာတ်လမ်းတွေကို သိရတော့ ငါလည်းပဲ တစ်ယောက်တည်း နေချင်ပြီ၊ လွတ်လပ်တဲ့ဘဝကို တစ်ယောက်တည်း ငါရှာမယ်ဆိုတော့ သူ့ရဲ့အမျိုးသမီးက ပြန်ဖြေတယ်။ **အယမေဝ ကာလော န ဟိ အညော အတ္ထိ-** ဒါဟာ သူ့အတွက်လည်း အကောင်းဆုံးအချိန်ပဲတဲ့။ **အနုသာသိတာ မေ န ဘဝေယျ ပစ္ဆာ-** နောင် ဒါမျိုး အခွင့်အရေးရဖို့ မရှိဘူးတဲ့။ အခု သူတော်စင်တွေ ပြောပြသွားတော့ သူလည်းပဲ ပတ်ဝန်းကျင်ကို ရှုမြင်တတ်လာတယ်။ ဒါကြောင့်မို့ **အဟမ္ပိ ဧကာ စရိဿာမိ ဘဂ္ဂဝ-** သူကိုယ်တိုင်ကလည်း တစ်ယောက်တည်း နေချင်စိတ်တွေ ရှိလာတယ်။ **သကုဏီဝ မုတ္တာ ပုရိသဿ ဟတ္ထာ** ငှက်မုဆိုးက

ဖမ်းပြီးတော့ လှောင်ချိုင့်ထဲမှာ လှောင်ထားတဲ့ ငှက်မတစ်ကောင်ဟာ မုဆိုးလက်က လွတ်သလို "ရှင့်လက်က ကျွန်မ လွတ်ချင်ပါပြီ"ပေါ့။ သူလည်းပဲ သူတော်စင်ဘဝကို ပြောင်းမယ်ပေါ့။ အမျိုးသမီးက လည်း အဲလိုပြောတယ်။

အဲဒီတော့ အိုးထိန်းသည်ကြီးကလည်း လွတ်ချင်ပြီ၊ သူ့ဇနီးကလည်း လွတ်ချင်ပြီ ပြောတာ။ သားငယ် သမီးငယ်တွေကလည်း အရွယ်မရောက် သေးတဲ့ အရွယ်လေးတွေပေါ့။ အမျိုးသမီးက တော်တော်အကင်းပါးတယ်။ ရေဆိပ် ခဏသွား မယ်ဆိုပြီး ထွက်သွားတာ ပြန်ပေါ်မလာတော့ဘူး။ ဦးအောင်သွားလိုက်တာ။ (ဦးအောင် မဟုတ်ဘူး၊ ဒေါ်အောင် ဖြစ်သွားတယ်။) သားသမီးတွေကို သူ့ယောက်ျားအပေါ် ပုံထားခဲ့ပြီးတော့ သူအရင် ထွက်သွားတယ်။ ပြီးတော့ မြို့ပတ်ဝန်းကျင်မှာရှိတဲ့

ပုရပိုဇ် ကျောင်းတစ်ကျောင်းမှာ ပုရပိုဇ်မ ဝတ်နေလိုက်တယ်။ မိသားစုဘဝကို မျက်နှာလွှဲလိုက်ပြီး သူက အရင်ဦးအောင် ထွက်သွားတာ။ လာနိုးလာနိုးနဲ့ မျှော်နေတာ မလာတော့ ဒီလူကြီးက ကလေးတွေ ထိန်းရပြန်တယ်နော်။

တစ်နှစ် တစ်နှစ်နဲ့ တဖြည်းဖြည်းနဲ့ ကလေးတွေဟာ အရွယ်ရောက်လာတယ်။ ဒီကလေးတွေ သူ့ဟာသူ နားလည်လာပြီလားလို့ သူစမ်းသပ်တယ်။ ဘယ်လိုစမ်းသပ်တုန်းဆိုတော့ တစ်ရက်ကျတော့ ထမင်းကို မာမာကြီး ချက်ကျွေးတယ်။ "အဖေ ဒီနေ့ ထမင်းက မာလိုက်တာ"လို့ ပြောတယ်။ နောက်တစ်ရက်ကျတော့ ပျော့နေအောင် ချက်တယ်။ "အဖေ ဒီနေ့ ထမင်းကလည်း ပျော့လိုက်တာ"လို့ ပြောတယ်။ နောက်ရက်ကျတော့ ဟင်းကို ဆားတွေ အများကြီး ခပ်တယ်။ "ဒီနေ့က ငန်လိုက်တာ မစားနိုင်ဘူး"တဲ့။

နောက်ရက်ကျတော့ ဆားလုံးဝ မထည့်ဘူး။ "အဖေ ဒီနေ့ကျတော့ ပေါ့လိုက်တာ"တဲ့။ ဟုတ်တယ်၊ မင်းတို့ ပြောတာ မှန်တယ်။ အေး ငါ့သားသမီးတွေကတော့ ပေါ့မှန်းလည်း သိလာပြီ၊ ငံမှန်းလည်း သိလာပြီ၊ ထမင်းပျော့တာလည်း သိတယ်၊ ထမင်းမာတာလည်း သိလာပြီ။ သူတို့ကိုယ် သူတို့ ထိန်းကျောင်းနိုင်တဲ့ အရွယ်တော့ ရောက်ပြီပေါ့။ အဲဒီလို စမ်းသပ်ပြီးတဲ့ အခါမှာ ကလေးတွေကို ဆွေမျိုးတွေထံမှာ အပ်နှံပြီး တော့ သူလည်း တောထွက်သွားတယ်။ သူလည်း ပုရပိုဇ်ဘဝ ရောက်သွားတယ်။

တစ်မနက်ကျတော့ မြို့ထဲမှာ ဆွမ်းခံလှည့် လည်ရင်းနဲ့ ဇနီးဖြစ်ခဲ့တဲ့ ပုရပိုဇ်မနဲ့ သွားဆုံမိတယ်။ ဆုံတော့ မှတ်မိပြီး ဟိုက ပြောတယ်။ "ရှင်ဘယ်လို လဲ ကလေးတွေကို ဖျက်ဆီးပြီး ပစ်ထားခဲ့တာလား၊ ကလေးတွေကို သတ်ပစ်ခဲ့သလား"လို့ မေးတာပေါ့

နေ၁်။ အဲလိုမေးတော့ သူကပြောပြတယ်။ **အမ္ဗ ပက္ကဋ္ဌ ဇာနန္တိ၊ အထော လောဏံ အလောဏကံ** သူတို့ဟာ ကျက်တယ်၊ မကျက်ဘူးဆိုတာလည်း သိပြီ၊ ဆားငံတယ် ဆားပေါ့တယ် ဆိုတာလည်း သိပြီ။ အဲဒါတွေသိမှ ငါ သင်္ကန်းဝတ်လာတာပါ။ ပုရိုဇ်ဘဝကို ပြောင်းလာတာပါ။ ဒီတော့ မင်းလည်း အေးအေးဆေးဆေး တရားအားထုတ်၊ ငါလည်း အေးအေးဆေးဆေး တရားအားထုတ်မယ်၊ သူတို့ အတွက် ဘာမှ ပူစရာမရှိတော့ပါဘူး ဆိုပြီးတော့ သူတို့နှစ်ဦးဟာလည်း ပုရိုဇ်ဘဝနဲ့ နေကြတယ်။ အဲဒီနောက်ပိုင်းမှာ သူတို့နှစ်ယောက် ဘယ်တော့မှ မဆုံစည်းတော့ဘူးတဲ့။

ဘုရားအလောင်းဟာ တရားမေ့ ကျင့်ကြံ ကြိုးကုတ် အားထုတ်ရင်းနဲ့ အဘိညာဥ်ငါးပါးတို့ စျာန်တရားတွေကို ရရှိပြီးတော့ သေတဲ့အခါမှာ

ဗြဟ္မာပြည်ကို ရောက်သွားတယ်။ ပုရိဗ်မကတော့ ဘယ်ရောက်တယ်ဆိုတာ မပါတော့ဘူး။ ဒီဇာတ်လမ်းမှာ ပစ္စေကဗုဒ္ဓါတွေရဲ့ တရားကို နာရင်း သူတို့ဘဝကို အားကျပြီးတော့ အိုးထိန်းသည် ဇနီးမောင်နှံဟာလည်းပဲ သူတော်စင်ဘဝကို ပြောင်းပြီးတော့ တရားဓမ္မ ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ကြတယ်။ အဲဒီလို မြတ်စွာဘုရားက ဟောကြားပြီးတော့ သစ္စာတရားကို ရှင်းလင်းပြတဲ့အခါမှာ ခုနက ကာမဂုဏ်အာရုံစိတ်တွေ တွေးနေတဲ့ ကိုယ်တော်ငါးရာဟာ ရဟန္တာအဖြစ်ကို ရောက်သွားတယ်တဲ့။

အဲဒီအထဲမယ် သားလေးကတော့ ရာဟုလာ၊ သမီးလေးကတော့ ဥပ္ပလဝဏ္ဏာ အလောင်းဖြစ်ပြီးတော့ ပုရိဗ်မ ဝတ်သွားတဲ့ ဇနီးသည်က ရာဟုလာမာတာ ယသောဓရာ ဖြစ်ခဲ့ပြီး၊ အိုးထိန်းသည် ပုရိဗ်ကတော့ ဘုရားအလောင်း ဖြစ်တယ်လို့ သူတို့ရဲ့

အတိတ်ဘဝတွေနဲ့ ဆက်စပ်ပြီးတော့ မြတ်စွာဘုရားက အခုလို ဟောကြားဆုံးမခဲ့တာ ဖြစ်ပါတယ်။

တရားချစ်ခင် သူတော်စင် ပရိသတ်အပေါင်းတို့ မိမိရဲ့ပတ်ဝန်းကျင်ကို အသိဉာဏ်နဲ့ ရှုမြင်သုံးသပ်ပြီးတော့ ကိုယ့်ဘဝကိုယ် ကောင်းအောင်ပြင်သွားကြတာဟာ အလောင်းတော်တွေ, သူတော်စင်တွေရဲ့ လုပ်ထုံးလုပ်နည်းတစ်ခု ဖြစ်လို့ တို့တစ်တွေဟာလည်း အမှတ်တမဲ့ မနေကြဘဲနဲ့ ကိုယ့်ရဲ့ပတ်ဝန်းကျင်ကို ရှုမြင်သုံးသပ် ပြီးတော့ ကိုယ့်ဘဝကောင်းအောင် ပြင်ကြရမှာ ဖြစ်တယ်လို့ ကိုယ်စီကိုယ်စီ မှတ်သားပြီး ကိုယ့်ဘဝ ကိုယ်ကောင်းအောင်ပြင်ဖို့ ကြိုးစားအားထုတ်နိုင်ကြပါစေ ကုန်သတည်း။

သာဓု သာဓု သာဓု။

## ဓမ္မမိတ်ဆွေများသို့

ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ အရှင်နန္ဒမာလာဘိဝံသ ဟောကြားအပ်သော တရားများကို အသံမှ စာအဖြစ် စေတနာရှင်များကရေးကူးကာ စာမူများကို ဆရာတော်ကြီးထံ ပေးပို့ကြပါသည်။ ဆရာတော်ကြီးကိုယ်တိုင် အချိန်ရသမျှ ပြင်ဆင် တည်းဖြတ်ပေးသော စာမူများကို ကုသိုလ်ရှင်များလှူဒါန်းထားသော ဓမ္မစာပေရန်ပုံငွေများ အသုံးပြုလျက် စာအုပ်ငယ်များ ရိုက်နှိပ်ထုတ်ဝေပါသည်။

တရားစာအုပ်များကို တစ်ဆင့် ဓမ္မဒါနပြုလုပ် ဖြန့်ဝေလှူဒါန်းလိုပါက ဖော်ပြပါဌာနများသို့ ဆက်သွယ်မှာကြားနိုင်ပါသည်။

~ ~ ~ ~ ~

## ရရှိနိုင်သော ဌာနများ

၁။ **အောင်ဇမ္ဗူ ပုံနှိပ်တိုက်**
အမှတ်(၁၅၂)၊ (၂၂)လမ်း၊ လသာမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၄၁၉၃၊ ၀၉၅၁-၄၆၀၉၅

၂။ **ဦးဘဖိုး+ဒေါ်အုန်းကြည် ပရဆေးဆိုင်**
အမှတ်(၄၆၇၊ ၄၆၈)၊ သိမ်ကြီးဈေး(ဒီ)ရုံ၊မြေအောက်ထပ်။
ဖုန်း ၀၁-၂၄၀၆၀၀(လိုင်းခွဲ) ၄၁၇၄၊ ၀၉-၅၅၀၀၈၃၅

၃။ **ဓမ္မဗျူဟာ သာသနမာမကအဖွဲ့**
လူပုဂ္ဂိုလ်များဆိုင်ရာဓမ္မစာပေသင်တန်းကျောင်း
ကြားတောရလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၁-၃၈၀၈၈၀

၄။ **အပြည်ပြည်ဆိုင်ရာ အဘိဓမ္မာတက္ကသိုလ်**
ကမ္ဘာအေးစေတီဝင်း၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
ဖုန်း ၀၁-၆၅၅၇၅၆၊ ၀၁-၆၅၁၇၆၉

၅။ **ပုရပိုက်ဓမ္မဖြန့်ချီရေး**
တိုက်(N.3)၊ အခန်း(၁၀၂)၊ လေးထောင့်ကန်လမ်းမကြီး၊
တာမွေမြို့နယ်။ (ILBC တာမွေ အနီး)
ဖုန်း ၀၁-၅၄၄၇၂၇၊ ၀၉-၇၃၉၀၃၉၇၀

## အရှင်နန္ဒမာလာဘိဝံသ ၏ ထုတ်ဝေပြီး ဓမ္မစာအုပ်များ

- အဘိဓမ္မာ မြတ်ဒေသနာ(ပ+ဒု တွဲ)
- ပဋိစ္စသမုပ္ပါဒ်ကို ပဋ္ဌာန်းနည်းဖြင့် လေ့လာသုံးသပ်ခြင်း
- ပဋ္ဌာန်းမြတ်ဒေသနာ

၁။ နိဗ္ဗာန်တံခါးကြီး ဖွင့်တော်မူပါ
၂။ မဟာသတိပဋ္ဌာနသုတ် အနှစ်ချုပ်
၃။ ဘဝအသွင်ကို ဓမ္မအမြင်ဖြင့် ရှုကြည့်ခြင်း
၄။ ဘဝခရီးဝယ် ရွေးချယ်ရမည့်လမ်း
၅။ သူတော်ကောင်းတို့၏ စိတ်နေသဘောထား
၆။ ဘဝအရေး စိတ်အေးရလေအောင်
၇။ ဓမ္မကြေးမုံ
၈။ တောင်ပို့ထဲက ရတနာ
၉။ မြတ်သောဥစ္စာ စုဆောင်းပါ
၁၀။ သမထနှင့် ဝိပဿနာ
၁၁။ ရောဂါကုစား စိတ်စွမ်းအား
၁၂။ ရှစ်ယောက်နှင့်တစ်ယောက်
၁၃။ မိတ်ကောင်းဆွေကောင်း
၁၄။ မေတ္တာနလုံး အစဉ်သုံး
၁၅။ လူဖြစ်ကျိုးနပ်ပါစေ
၁၆။ မေတ္တာသုတ်အနှစ်ချုပ်
၁၇။ ဘဝဆည်းဆာ ကာရဏာ
၁၈။ ဥပုသ်စောင့်ခြင်း အဓိပ္ပါယ်

၁၉။ ဓမ္မမှတ်ကျောက်
၂၀။ ဓမ္မအသိဖြင့် အကျိုးရှိရှိနေမည်
၂၁။ နှစ်ဦးကာလ ဓမ္မလက်ဆောင်
၂၂။ မြတ်ဗုဒ္ဓဒေသနာနှင့် ယနေ့ကမ္ဘာ
၂၃။ ယနေ့လူသားများရဲ့ မနက်ဖြန်ကမ္ဘာ
၂၄။ မင်္ဂလာသုတ်အနှစ်ချုပ်
၂၅။ သာရဏီယတရား
၂၆။ ရသတဏှာ
၂၇။ ဓမ္မဗျူဟာသင်တန်းသားများ၏ မေးခွန်းများကိုဖြေဆိုခြင်း
၂၈။ သေချာသောလမ်းမှ လျှောက်လှမ်းပါ
၂၉။ မဟာဒါန
၃၀။ စိတ်၏ထွက်ပေါက်များ
၃၁။ ဖြစ်နိုင်တာနှင့် မဖြစ်နိုင်တာ
၃၂။ အရှင်အာနန္ဒ၏ ဝိပဿနာ
၃၃။ န စ သော၊ န စ အညော
၃၄။ လူတိုင်းကျင့်ရန် သတိပဋ္ဌာန်
၃၅။ စိတ်၏အတွေးများ
၃၆။ ဥပါဒါနပစ္စယာဘဝေါ
၃၇။ သတိမကွာ အသိပညာဖြင့် နေထိုင်ခြင်း
၃၈။ အတ္တာဟိအတ္တနောနာထော
၃၉။ ဗောဇ္ဈင်္ဂသုတ် အနှစ်ချုပ်
၄၀။ ပောသူ နာသူ စိတ်ထားဖြူ
၄၁။ ၁၂-နှစ်ကြာ အဖြေရှာခဲ့ရသော မေးခွန်းများ

၄၂။ လွတ်မြောက်တဲ့စိတ်
၄၃။ ကုသိုလ်ဖြစ်အောင် သတိဆောင်
၄၄။ ခန္ဓသုတ်အနှစ်ချုပ်(အန္တရာယ်ကာကွယ်ခြင်း)
၄၅။ တရားသိလျက် အကျင့်ခက်
၄၆။ ဣန္ဒြိယဘာဝနာ မြတ်ဒေသနာ
၄၇။ သံသရာခရီးသွား အမှားမလုပ်မိစေနှင့်
၄၈။ ဟိုဘက်ကမ်းက ငြိမ်းချမ်းတယ်
၄၉။ ရတနသုတ်အနှစ်ချုပ်
၅၀။ လောကဓံမုန်တိုင်းများနှင့် ကြံ့ခိုင်သည့်စိတ်ထား
၅၁။ ဘုရားသော်မှပေးဆပ်ရသည့် ကံကြွေးဝင့်ကြွေးများ
၅၂။ အထင်များ အမြင်များ
၅၃။ ဓာတုဝိဘင်္ဂသုတ် အနှစ်ချုပ်
၅၄။ ယှဉ်ပြိုင်ခြင်း၏ နိဂုံး
၅၅။ နန္ဒီ ဒုက္ခဿ မူလံ
၅၆။ စိတ်၏အညစ်အကြေးများကို ဖယ်ရှားခြင်း
၅၇။ အားပေးစကား
၅၈။ ပုဗ္ဗဏှသုတ် အနှစ်ချုပ်
၅၉။ ဘေသဇ္ဇဂုရု
၆၀။ နိဗ္ဗာန်သို့ ဦးတည်သွားနေသူ
၆၁။ ဘဝဓါဝန်ထုပ်ဝန်ပိုးများ
၆၂။ ကုသိုလ်ဖြစ်ပွား နှလုံးသွင်းတရား

၆၃။ နိုင်သူနှင့်ရှုံးသူ
၆၄။ အကာကိုပစ်၍ အနှစ်ကိုရှာ
၆၅။ မှတ်ဉာဏ်ကောင်းအောင်ကျင့်ဆောင်ခြင်း
၆၆။ တရားထူးရနိုင်သူ
၆၇။ ကျေးဇူးသိခြင်း
၆၈။ ဘာသာတရားလိုက်နာကျင့်သုံးခြင်း၏ ရည်ရွယ်ချက်
၆၉။ ကာလာမသုတ် အနှစ်ချုပ်
၇၀။ ခုခံစွမ်းအား
၇၁။ အလေးထား၍ စဉ်းစားဆင်ခြင် ကောင်းအောင်ပြင်
၇၂။ အခွင့်ကောင်းကို ရအောင်ယူ
၇၃။ ရှာဖွေခြင်းနှင့် ရရှိခြင်း
၇၄။ ကုသိုလ်တစ်ပဲ ငရဲတစ်ပိဿာ
၇၅။ ဓမ္မကိုအဖော်ပြုမှ ထာဝရချမ်းသာမည်
၇၆။ အစွမ်းတန်ခိုးများနှင့် သာသနာ
၇၇။ ချမ်းသာစွာအိပ်စက်ရခြင်း
၇၈။ နှစ်ဦးမေတ္တာလူတိုင်းမှာ
၇၉။ ဒက္ခိဏာဝိဘင်္ဂသုတ် အနှစ်ချုပ်
၈၀။ အလုပ်ရှင်နှင့်အလုပ်သမား စိတ်ကောင်းထား
၈၁။ နိယျာနိကသာသနာ
၈၂။ အနတ္တလက္ခဏသုတ် အနှစ်ချုပ်
၈၃။ သူ့အမြင် ကိုယ့်အမြင် ဓမ္မအမြင်

၈၄။ ရှင်ရာဟုလာ၏ဘဝနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမ
၈၅။ ကမ္မဋ္ဌာန်းအလုပ်နှင့် အိပ်ငိုက်ခြင်း
၈၆။ ဗျာဒိတ်တော်ကြား ဘုရား(၂၄)ဆူ
၈၇။ အံ့ဖွယ်လူသား မြတ်ဘုရား
၈၈။ ပဋိစ္စသမုပ္ပါဒ်နှင့် ဝိပဿနာ
၈၉။ ယောဂီပုဂ္ဂိုလ်ရှိရမည့် အရည်အချင်းများ
၉၀။ ကမ္မဋ္ဌာန်းဆရာ
၉၁။ ဇာတိမြေမှ သာသနာ
၉၂။ ဒါနအခြေခံတဲ့ သမထဝိပဿနာ
၉၃။ စရိုက်နှင့်ဝါသနာ
၉၄။ မြတ်ဗုဒ္ဓ၏ လောကဝိဇယလမ်းစဉ်
၉၅။ သာသနာပြုစွမ်းအားစု
၉၆။ လူဆိုးလူမိုက်
၉၇။ သမုဒ္ဒရာ ဝမ်းတစ်ထွာ
၉၈။ ဗုဒ္ဓ၏အဆုံးအမကို လက်ဆင့်ကမ်းခြင်း
၉၉။ သုံးပါးရတနာ ကိုးကွယ်ရာ
၁၀၀။ ပါရမီပုံရိပ် အမှတ်တံဆိပ်များ
၁၀၁။ အာနာပါနဿတိသုတ်အနှစ်ချုပ်
၁၀၂။ ယမမင်းကြီးရဲ့ ဆန္ဒ
၁၀၃။ စံထားရမည့် ကိုယ်ကျင့်တရားရှိသူများ
၁၀၄။ ပေါ်လာသည့်အာရုံများနှင့် ရှုပွားရမည့်ဝိပဿနာတရား
၁၀၅။ ဓမ္မသံဝေဂနှင့် ဘဝဆည်းဆာ

၁၀၆။ ဆင်းရဲမွဲတေမှု လျော့ချရေး
၁၀၇။ မြတ်ဗုဒ္ဓ၏အဆုံးအမနှင့်အညီ နေထိုင်ခြင်း
၁၀၈။ ဗုဒ္ဓစွမ်းအား ဉာဏ်ဆယ်ပါး
၁၀၉။ သောတာပန်ပုဂ္ဂိုလ်များ နေ့စဉ်ဘဝမှာ နေထိုင်ကြပုံ
၁၁၀။ မွေးနေ့လက်ဆောင်
၁၁၁။ သောတာပန်၏ ဘဝရုပ်ပုံလွှာ
၁၁၂။ တပည့်များလေးစားမြတ်နိုးတဲ့ဆရာ
၁၁၃။ ရင်းနှီးမြှုပ်နှံခြင်း
၁၁၄။ ကံကြမ္မာ၏ ရုပ်ပုံလွှာများ
၁၁၅။ ဆဆက္က ဒေသနာနှင့် ဓမ္မဝိပဿနာ
၁၁၆။ ဉာတပရိညာ
၁၁၇။ မြတ်ဗုဒ္ဓ၏ကျေးဇူး အထူးပေးဆပ်ခဲ့သူ
၁၁၈။ ဗုဒ္ဓဘာသာဖြစ်ရန် အခြေခံတရား
၁၁၉။ သစ္စဒေသနာ ဓမ္မစကြာ
၁၂၀။ အားကိုးခြင်း
၁၂၁။ သဒ္ဓမ္မပတိရူပကသုတ် အနှစ်ချုပ်
၁၂၂။ အတ္တဟိတ နှင့် ပရဟိတ
၁၂၃။ အသက်ရှည်လေ ပိုကောင်းလေ
၁၂၄။ မိဘနှင့်သားသမီးအကြား မှန်ကန်သောအမြင်များ
၁၂၅။ အများအတွက် သံဃာတော်တို့၏ဆောင်ရွက်ချက်
၁၂၆။ သလ္လေခသုတ်အနှစ်ချုပ်

၁၂၇။ ကောသလအိပ်မက်နှင့်ယနေ့ကမ္ဘာ
၁၂၈။ ပိယတော ဇာယတေ သောကော
၁၂၉။ ဆရာမြတ်ကို ဆည်းကပ်ရမည့်အခါ
၁၃၀။ ဓမ္မတာဝန်
၁၃၁။ ဥပုသ်သည်တို့၏ စကားဝိုင်း
၁၃၂။ ရှင်ပြုအလှူတော်မင်္ဂလာ အနုမောဒနာ
၁၃၃။ ပါရာယနဒေသနာ
၁၃၄။ ဒုဂ္ဂတိဘုံသားတို့၏ အမှာစကား
၁၃၅။ မြတ်ဗုဒ္ဓသာသနာ နှင့်
သီတင်းကျွတ်လပြည့်နေ့အမှတ်တရများ
၁၃၆။ ဝိဝါဒမူလ(၆)ပါးနှင့် မြတ်ဗုဒ္ဓ၏အဆုံးအမစကား
၁၃၇။ ကိုယ့်ဘဝ ကိုယ်ပြင်
၁၃၈။ ဝိပဿနာရှုဖွယ် တောလေးဆယ်
၁၃၉။ နယ်လှည့်ဟောကြား မြတ်တရား အတွဲ(၁)
၁၄၀။ ပတ်ဝန်းကျင်ကိုရှုမြင်၍ မိမိဘဝကို ပြုပြင်ခြင်း